ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့၊ (22-12-2015) (၈၄၂၂)

### မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# အထူးစီးပွားရေးဇုန်များသည် မဟာဗျူဟာကျသောနေရာတွင်ရှိသဖြင့် အောင်မြင်အောင်ဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ဗဟိုအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့အစိုးရလက်ထက် ၂၀၁၁ ခုနှစ်မှစပြီး အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်မှုကို **စာမျက်နှာ ၃ ကော်လံ ၁ သို့**

## သီလဝါအထူးစီးပွားရေးဇုန်သည် ဂျပန်နိုင်ငံ၏ စိတ်ပါဝင်စားမှု အပြည့်အဝရရှိခဲ့သဖြင့် အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက် ထိန်းထားနိုင်ရန် လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ချိန်များအတွင်း ပြီးစီးအောင်ဆောင်ရွက်။

UEFA EURO2016 FRANCE

**ယူရို ၂၀၁၆ အုပ်စုများ မိတ်ဆက်**

စာမျက်နှာ - ၁၃

**အရှေ့ရိုးမတောင်ပေါ်ဒေသမှ ကရင်တိုင်းရင်းသားများအား ကျောက်ကြီးမြို့လူငယ်များ အစားအသောက်နှင့် အဝတ်အထည်များ ပေးအပ်**

စာမျက်နှာ - ၈



ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ရေနက်ဆိပ်ကမ်းစီမံကိန်းနမူနာပုံစံကို တွေ့ရစဉ်။ (ကျောက်ဖြူ - SEZ)



တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး "ဆရာဝန်" ဖြစ်လိုသူများအတွက် MBBS
တက္ကသိုလ်ဝင်စာမေးပွဲတွင် Eng, Bio, Chem တစ်ဘာသာလျှင် အနည်းဆုံး (၆၀) မှတ် ရရှိထားသူများအတွက် WHO အပါအဝင် နိုင်ငံတကာရှိ ဆေးပညာအဖွဲ့အစည်းများမှ အသိအမှတ်ပြု ဆရာဝန်ဘွဲ့။
တရုတ်ပြည်ရှိ နှစ်ပေါင်းကြာမြင့်စွာ နာမည်ကျော်ကြားပြီး ထိပ်တန်းစာရင်းဝင်သော အစိုးရတက္ကသိုလ်များဖြစ်၍ ကျောင်းလခကုန်ကျစရိတ် (လွန်စွာ) သက်သာပါသည်။
MEC MARS EDUCATION CONSULTANCY
ဆက်သွယ်ရန်
အမှတ်(၂၇)၊ မြေညီထပ်၊ အဆောက်အဦ (E)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊
09-250393030
09-256033565

ကြေးမုံစာတည်းရှုထောင့် ၂၂-၁၂-၂၀၁၅၊ အင်္ဂါနေ့

# ကောင်းမွန်သောဈေးကွက်

နိုင်ငံအများစုတွင် စတော့ရှယ်ယာဈေးကွက်များ အစောပိုင်းကာလကတည်းက ပေါ်ပေါက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီဇင်ဘာ ၉ ရက်က ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လာမည့်နှစ် ဖေဖော်ဝါရီလကုန် သို့မဟုတ် မတ်လဆန်းရောက်မှသာ ရှယ်ယာများကို စတင်ရောင်းချပေးမည်ဟုသိရသည်။

စတော့ရှယ်ယာဈေးကွက်(စတော့အိတ်ချိန်း)သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ထင်ဟပ်စေသော ကြေးမုံပြင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်လွန်နှစ်များမှစတင်၍ စတော့ဈေးကွက်ထူထောင်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ချေ။ စတော့ဈေးကွက်၏ လုပ်ထုံးလုပ်နည်း၊ အားသာချက်၊ အားနည်းချက်၊ နိုင်ငံနှင့်ပြည်သူကို အကျိုးပြုမှုစသည့် အရေးကြီးသောအချက်များစွာရှိနေ၍ ထိုကာလက အခက်အခဲများရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေ စတော့ရှယ်ယာဈေးကွက်များသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အဓိကမောင်းနှင်အားတစ်ခု၊ ကာလရှည်အရင်းအနှီးများစုစည်းရာ၊ စီးဆင်းရာဈေးကွက်တစ်ခုဖြစ်သောကြောင့် မိမိနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ထမ်းဆောင်ကြသူများ၊ ပါဝင်လိုသူများအားလုံး၏ ယခုဆောင်ရွက်ချက်များအား ကြိုဆိုကြရမည်ဖြစ်သည်။

စတော့အိတ်ချိန်းကို ထူထောင်ရာတွင် ဥပမာအားဖြင့် ရှယ်ယာအချိုးအစား၏ ၅၁ ရာခိုင်နှုန်းကို တည်ထောင်သူများမှ ရယူကြပြီး ၄၉ ရာခိုင်နှုန်းကို အများပြည်သူတို့အားရောင်းချကာ ရှယ်ယာအတန်းအစားခွဲခြားထားကြသည်။ ကုမ္ပဏီ၏အရေးပါသော ကိစ္စရပ်များကို မဲခွဲဆုံးဖြတ်ရာတွင် တည်ထောင်ထားသူများဘက်မှ အသာစီးရစေမည့်နည်းဖြင့် လုပ်ကိုင်ဆောင်ရွက်ကြသည့် နိုင်ငံများလည်းရှိသည်။

မြန်မာနိုင်ငံ၌ စတင်တော့မည်ဖြစ်သည့် ရန်ကုန်စတော့အိတ်ချိန်းတွင် မြန်မာနိုင်ငံဘက်မှ စီးပွားရေးဘဏ်က အစုရှယ်ယာ ၅၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ အိတ်ချိန်းအုပ်စုမှ ၄၉ ရာခိုင်နှုန်း ပူးပေါင်းဖွဲ့စည်းထားသဖြင့် မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံဘက်မှ အားသာချက်ရှိသည်။ မြန်မာနိုင်ငံ၏စနစ်တွင် ဘဏ်နှင့် ကုမ္ပဏီများဖြင့် ဖွဲ့စည်းထားပြီး အများပြည်သူအား အစုရှယ်ယာများ ခွဲဝေရောင်းချပေးမည်ဖြစ်သည်။ စတော့အိတ်ချိန်းတွင် စာရင်းဝင်သည့် ကုမ္ပဏီများကို ကနဦးကြေညာခဲ့သော်လည်း ပြည်သူများသို့ ရောင်းချပေးမည့်ပုံစံများ၊ ကုမ္ပဏီများ၏ပိုင်ဆိုင်မှု ကြေညာခြင်းများ လိုအပ်နေသေးသည်။

ရင်းနှီးမြှုပ်နှံလိုသူပြည်သူများက ရှယ်ယာများကို ဝယ်ယူရင်းနှီးကာ ဆိုင်ရာကုမ္ပဏီအဖွဲ့အစည်းက ပေးဝေသော အမြတ်ဝေစု၊ အတိုးအညွန့်များကို ခံစားလိုကြခြင်းဖြစ်သည်။ စတော့ဈေးကွက်သည် ထုတ်ဝေရောင်းချသူနှင့် ဝယ်ယူရင်းနှီးသူတို့အကြားတွင် ကြားခံအဖွဲ့အစည်းအဖြစ် ရပ်တည်ကာ မျှတသော ဈေးနှုန်းများဖြစ်ပေါ်စေရေး၊ ရင်းနှီးမြှုပ်နှံသူ ပြည်သူများအား အကာအကွယ်ပေးရေး၊ ငွေဖြစ်လွယ်မှုမြန်ဆန်စေရေး၊ ဈေးကွက်နေရာ ဖန်တီးပေးရေးနှင့် ပြည်သူများ ယုံကြည်မှုတိုးပွားလာရေးတို့ကို မဖြစ်မနေ လုပ်ဆောင်ကြရမည် ဖြစ်သည်။

အမှန်စင်စစ် စတော့ရှယ်ယာဈေးကွက်သည် နူးညံ့သိမ်မွေ့ပြီး ဥပဒေများဖြင့် စနစ်တကျထိန်းကျောင်းထားသော ဈေးကွက်ဖြစ်သည်။ ဈေးကွက်အတွင်း ဈေးနှုန်းတက်ခြင်း၊ ကျခြင်း၊ ဝယ်လိုအား၊ ရောင်းလိုအားတို့၏ တုံ့ပြန်မှုများဖြစ်၍ ဈေးကွက်သို့ဝင်ရောက်မည့် ပြည်သူများအပေါ် စိတ်ခံစားချက်များ သက်ရောက်စေသည်။ အများနှင့်သက်ဆိုင်သောလုပ်ငန်းဖြစ်၍ အများပြည်သူတို့၏ ငွေကြေးနှင့် အကျိုးစီးပွားကို ဥပဒေ၊ စည်းမျဉ်းများဖြင့် ထိန်းကျောင်းသွားရမည်ဖြစ်သည်။

အထူးအားဖြင့် ရှယ်ယာဈေးနှုန်း တက်ရိပ်၊ ကျရိပ်ကို အရောင်းအဝယ်အတွက် ကြိုတင်မပြုလုပ်မိဖို့ အရေးကြီးသည်။ အခြားအရေးကြီးသည့်အချက်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးကို အလေးထားရမည်ဖြစ်သည်။ ငွေဖြူ ငွေမဲခွဲခြားရေးမှာ မလွယ်ကူသော်လည်း ငွေမဲများဝင်မလာရေးအတွက် လုံခြုံမှုအစီအမံများဖြင့် ကြိုတင်ပြင်ဆင်ထားသင့်သည်။

မည်သို့ပင်ဖြစ်စေ စတော့ရှယ်ယာဈေးကွက်မှာ နိုင်ငံ့စီးပွားအတွက် အရေးပါသော မောင်းနှင်အားဖြစ်၍ နိုင်ငံနှင့်ပြည်သူတို့ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေမည့် အားပေးမှုများ၊ ယုံကြည်မှုများ၊ လိုအပ်သည့်အကာအကွယ်များဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

## သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာပြီး မြေငှားရမ်းလိုမှု ပိုများလာ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများ များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အဆိုပါအထူးစီးပွားရေးဇုန်အတွင်း မြေငှားရမ်းလိုမှုများ ပိုမိုများပြားလာလျက်ရှိကြောင်း သိရသည်။

ယနေ့အထိ သီလဝါအထူးစီးပွားရေးဇုန်၌ နိုင်ငံပေါင်း ၁၃ နိုင်ငံကလာရောက် ရင်းနှီးမြှုပ်နှံရန် စာချုပ်ချုပ်ဆိုထားပြီးဖြစ်သည်။ ကုမ္ပဏီ ၅၂ ခုနှင့် စတင်လုပ်ဆောင်ရန် ဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီ များအနက် ၄၂ ခုကို ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာခွင့်ပြုချက် ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီများမှ ၃၉ ခုမှာ မြေငှားရမ်းစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကာ ၁၅ ခုမှာ ဆောက်လုပ်ရေးလုပ်ငန်းများ စတင်နေကြောင်းနှင့် ကုမ္ပဏီနှစ်ခုမှာ လုပ်ငန်းများစတင်လည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်၏ ဇုန်(အေ)ကို အဆင့်များစွာခွဲခြားပြီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ပထမအဆင့်တွင် ၂၁၁ ဟက်တာ၊ ဒုတိယအဆင့်တွင် ဟက်တာ ၁၅၀နှင့် လူနေနှင့်စီးပွားရေးဇုန်တွင် ၁၅၄ ဟက်တာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပထမအဆင့်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင်စတင်ဆောင်ရွက်ခဲ့ပြီး ဖွံ့ဖြိုးမှုတည်ဆောက်ရေးလုပ်ငန်းများကို အစီအစဉ်အလိုက် စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဒီဇင်ဘာ ၁၈ ရက် က ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည့် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ်လီမိတက် (MTSH)၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးနှင့် ဒုတိယအကြိမ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ်လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားခဲ့သည်။

ထို့ပြင် သီလဝါ အထူးစီးပွားရေးဇုန် ဇုန်(အေ)ပထမအဆင့်ကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဒုတိယအဆင့် တည်ဆောက်မှုလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၈၁ အရ အထူးဆုံးဖြတ်ချက်များဖြင့် အသင်းအဖွဲ့ စည်းမျဉ်းအပိုဒ် ၆၃ ၏ ပထမစာကြောင်းတွင် ဒုတိယဥက္ကဋ္ဌ တစ်ဦးအစား နှစ်ဦးဟု ပြင်ဆင်ရန်နှင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်မှတ်ပုံတင်နိုင်ရန် လိုအပ်သည့် ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် အစုရှယ်ယာရှင်များ၏ ဆန္ဒကိုခံယူပြီး သဘောတူအတည်ပြုကြသည်။

အဆိုပါ အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရိရိမြင့်၊ ဥမ္မာသန့်** ❑




## သထုံတွင် ကျေးလက်ဒေသအရောက် တိုင်းရင်းဆေးဖြင့် အခမဲ့လိုက်လံကုသ

**သထုံ ဒီဇင်ဘာ ၂၁**

မွန်ပြည်နယ် တိုင်းရင်းဆေး ပညာ ဦးစီးဌာနမှကြီးမှူးကာ ကျေးလက်နေပြည်သူများ တိုင်းရင်းဆေးနှင့် ပတ်သက်သည့် ကျန်းမာရေးဗဟုသုတများရရှိစေရန်အတွက် ဒီဇင်ဘာ ၁၉ ရက်က သထုံမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ပန်းတိမ်ရိုးဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ဒေသခံများအား အသိပညာပေးဟောပြောပြီး တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းစစ်ဆေး ကုသပေးခဲ့ကြောင်း သိရသည်။

"ပြည်သူတွေကို တိုင်းရင်းဆေးရဲ့ အကျိုးအာနိသင်တွေ၊ အသုံးပြုပုံတွေကို နားလည်စေချင်လို့ အခုလို ကျေးလက်ဒေသတွေအထိ ကွင်းဆင်းတာပါ။ မွန်ပြည်နယ်ထဲမှာရှိတဲ့ ကျေးရွာတော်တော်များများကို ကွင်းဆင်းကုသပေးနေပါတယ်။ သထုံမှာဆိုရင် မကြာသေးခင်ကမှ (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ဖွင့်လှစ်ခဲ့ပါတယ်။ တိုင်းရင်းဆေးနဲ့ ပတ်သက်ရင် အရင်ကဆို မော်လမြိုင်ကို သွားနေရသူတွေ အချိန်ကုန်၊ ငွေကုန် အတော်လေးသက်သာမှာပါ" ဟု ပြည်နယ်တိုင်းရင်းဆေးဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်က ပြောသည်။

မွန်ပြည်နယ် ၁၀ မြို့နယ်တွင် တိုင်းရင်းဆေးကုဌာန ၁၁ ခုရှိပြီး မော်လမြိုင်တွင် ခုတင် (၅၀) ဆံ့နှင့် သထုံတွင် (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံများ ဖွင့်လှစ်ထားပြီးဖြစ်ကာ ချောင်းဆုံမြို့နယ်တွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ တည်ဆောက်ရန် မြေနေရာရရှိထားပြီး မကြာမီ တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ယင်းနေ့တွင် ပြည်နယ်တိုင်းရင်းဆေးမှူးနှင့် တိုင်းရင်းဆေးပညာရှင်များက တိုင်းရင်းဆေး၏ အကျိုးကျေးဇူးများ လက်တွေ့အသုံးချပုံနှင့် ကျန်းမာရေး အသိပညာများကို ဆွေးနွေးဟောပြောပြီး မိုးကောင်းကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးများ ကုသပေးခဲ့ကြသည်။ "အနောက်တိုင်းဆေးတွေထက် တိုင်းရင်းဆေးကို ပိုယုံတယ်။ ဆေးဖက်ဝင်အပင်တွေကို သဘာဝအတိုင်းဖော်စပ်ထားပြီးတော့ ရေရှည်လည်း အသုံးပြုလို့ကောင်းတယ်။ အကုန်အကျလည်း သက်သာတယ်။ ခုအစာအိမ်မကောင်းလို့လာပြတာ။ ဆေးအခမဲ့ပေးတယ်။ ဒါကုန်ရင် အလွယ်တကူဖော်စပ်နိုင်အောင်လည်းပြပေးတယ်" ဟု မိုးကောင်းကျေးရွာနေ ဦးညိုက ပြောသည်။

**သက်ဦး(သထုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်(ရွှေဈေး) ၇၄၅၃၀၀ - ၇၄၆၃၀၀၊ မန္တလေး(ရွှေဈေး) ၇၄၅၀၀၀ - ၇၄၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၇၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၄၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၇၂၀/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၃၂ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၃၅ ကျပ်

**၁၄-၁၂-၂၀၁၅ ရက်နေ့မှ ၁၈-၁၂-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၅၀ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၅၀ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၂၀. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၁. ၆၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၁၆၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၃၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၇၂၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၇၈. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၈၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၆. ၀၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၅. ၀၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်ဝင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသက်ကြိန်၊ မအေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❂ ရှေ့ဖုံးမှ

မူဝါဒပိုင်းအဆင့် (Policy Level)၊ ညှိနှိုင်းမှုအဆင့် (Coordination Level)၊ အကောင်အထည်ဖော်မှုအဆင့် (Implementation Level) များတွင် ညှိနှိုင်းဆောင်ရွက်မှုများကို အသီးသီးဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မှုများ၏ အသီးအပွင့်ကို နောင်တစ်ချိန်တွင် ခံစားနိုင်ရေးအတွက် အစိုးရအဆက်ဆက် လက်ဆင့်ကမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူ အသီးသီးအနေဖြင့် မိမိတို့၏ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် ကိစ္စရပ်များကိုလည်း အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်း ဧရိယာများ အကောင်အထည်ဖော်နိုင်မှုသည် မြန်မာ-ထိုင်းနှစ်နိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်လည်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံပါဝင်လာခြင်းဖြင့် စီမံကိန်းအကောင်အထည်ဖော်မှု ပိုမိုထိရောက် မြန်ဆန်လာမည်ဖြစ်သည့်အတွက် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း။



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

သီလဝါအထူးစီးပွားရေးဇုန်သည် ဂျပန်နိုင်ငံ၏ စိတ်ပါဝင်စားမှု အပြည့်အဝ ရရှိခဲ့သဖြင့် အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင်ရန် လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ချိန်များအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွက် အကြံပေးကုမ္ပဏီ၊ မြန်မာနိုင်ငံဘက်နှင့် Preferred Bidder တို့အကြား တင်ဒါရလဒ်ကြေညာနိုင်ရန်အတွက် ပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ သို့မှသာ နောင်အစိုးရအနေဖြင့် အလွယ်တကူ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။

မိမိတို့ လက်ရှိဖော်ဆောင်နေသည့် အထူးစီးပွားရေးဇုန်များသည် ပင်လယ်ကမ်းရိုးတန်း၊ ရေဆိပ်လမ်းကြောင်းများအပေါ် တည်ရှိပြီး မိမိနိုင်ငံအတွက်သာမက အာဆီယံနိုင်ငံများအတွက်လည်း connectivity ရှုထောင့်က ကြည့်လျှင် အရေးကြီးသည့် မဟာဗျူဟာကျသောနေရာတွင် ရှိသဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံရှိ ထားဝယ်၊ ကျောက်ဖြူနှင့် သီလဝါဟူ၍ အထူးစီးပွားရေးဇုန် ၃ ခု စတင်ဆောင်ရွက်ခဲ့ရာ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲနိုင်ရန်



ဒုတိယဝန်ကြီး ဦးဟံစိန်။

မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၊ သက်ဆိုင်ရာဇုန်အလိုက် စီမံခန့်ခွဲမှုကော်မတီများကို စနစ်တကျဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ နောင်ပေါ်ထွန်းလာမည့် အစိုးရသစ်လက်ထက်တွင် အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားနိုင်ရန် အထူးစီးပွားရေးဇုန်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကိုလည်း ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅ ဖြင့် ထုတ်ပြန်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်။

အထူးစီးပွားရေးဇုန် (၃)ခုလျာထားခဲ့ရာတွင် အောင်မြင်မှုအရှိဆုံးနှင့် လက်တွေ့ စတင်ဖော်ထုတ်နိုင်သည်မှာ သီလဝါအထူးစီးပွားရေးဇုန်ပင် ဖြစ်ပါကြောင်း။ သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့်(၁)အနေဖြင့် ဟက်တာ ၄၀၀ ရှိသည့် Residential Area နှင့် Commercial Area ကို လုပ်ဆောင်မည်ဖြစ်ပါကြောင်း။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၏ ဒုတိယအဆင့်အနေဖြင့် ဟက်တာ ၇၀၀ ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ဟက်တာ ၇၀၀ အကောင်အထည်ဖော်မည့် MoU စာချုပ် လက်မှတ်ရေးထိုးရန်အတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် အစည်းအဝေးကျင်းပခဲ့ပါကြောင်း။

အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်နိုင်မှုနှင့် ပတ်သက်ပြီး လက်ရှိ ဆောင်ရွက်နေမှုအခြေအနေကိုသုံးသပ်ရလျှင် ထားဝယ်အထူးစီးပွားရေးဇုန်၌ Roland Berger ကုမ္ပဏီအနေဖြင့် Project Management Office (PMO)အဖြစ် ဆက်လက်ဆောင်ရွက်ပြီး ကနဦးစီမံကိန်းများ ပြီးစီးရေးအတွက် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်တွင်



ဒုတိယဝန်ကြီး ဦးမြင့်သိန်း။

ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၈ ရက်အထိ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကုမ္ပဏီ ၄၈ ခုအား ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီး ကုမ္ပဏီ ၄၆ ခုအား ဖွဲ့စည်းမှတ်ပုံတင်ပေးခဲ့ပါကြောင်း၊ ကုမ္ပဏီ ၄၈ ခု၏ ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ရှိပြီဖြစ်ပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရာတွင် လမ်းညွှန်အသုံးပြု ဆောင်ရွက်နိုင်မည့် ဒေသလွှမ်းခြုံ ပင်မစီမံချက် (Regional Master Plan) ကို CPG အကြံပေးကုမ္ပဏီအုပ်စုမှ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် အပြီးသတ် ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ ဒေသလွှမ်းခြုံ ပင်မစီမံချက် (Regional Master Plan)တွင် ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့ ပါဝင်ပြီး ကျောက်ဖြူ ဒေသတစ်ခုလုံးလွှမ်းခြုံပါဝင်ပါကြောင်း၊ ဒေသလွှမ်းခြုံပင်မ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ရေနက်ဆိပ်ကမ်းစီမံကိန်း နမူနာပုံစံကို တွေ့ရစဉ်။ (ကျောက်ဖြူ- SEZ)

# အဖျောက်မြို့ လောကမာရ်အောင်ဘုရားကြီး(မဟာသံတန်ဆောင်းတော်)ပိဋကတ်သုံးပုံကျောက်စာတိုက်များ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်း ရေစက်ချအောင်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၁





ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ လောကမာရ်အောင်ဘုရားကြီး (မဟာသံတန်ဆောင်းတော်) ပိဋကတ်သုံးပုံကျောက်စာတိုက်များ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်း ရေစက်ချအောင်ပွဲ မင်္ဂလာကုသိုလ်တော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် လောကမာရ်အောင်ဘုရားကြီး၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က လောကမာရ်အောင်ဘုရားကြီးအဝင် ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနား ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က လောကမာရ်အောင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက လောကမာရ်အောင်ဘုရားကြီး ဂေါပကအဖွဲ့ ဩဝါဒစရိယဆရာတော် ငါးလာချောင်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တကောဝိဒထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က မှတ်တမ်းဓာတ်ပုံနှင့် လှူဖွယ်ဝတ္ထုများကို ငါးလာချောင်းကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသူများက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက ငါးလာချောင်းကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကိုရုပ်သိမ်းသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က မင်္ဂလာမော်ကွန်းကမ္ပည်းကျောက်စာတော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် သံဃာတော်များအား နေ့ဆွမ်းဆပ်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အဖျောက်မြို့ရှိ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတာ(အဖျောက်တာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက တာမကြီး မြှင့်တင်သည့်လုပ်ငန်းနှင့် မြို့ပတ်တာပြုပြင်မွမ်းမံမှုလုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

အဖျောက်မြို့ရှိ လောကမာရ်အောင်ဘုရားကြီး(မဟာသံတန်ဆောင်းတော်)တွင် မြတ်စွာဘုရားရှင်ဟောကြားခဲ့သော ပိဋကတ်ဓမ္မခန် ဒေသနာတော်များကို ကျောက်စာများထွင်းထု၍ ဝိနည်း ၁၁၂ ချပ်၊ သုတ္တန် ၄၀၃ ချပ်နှင့် အဘိဓမ္မာ ၂၀၅ ချပ် စုစုပေါင်း ကျောက်စာချပ်ရေ ၇၂၀ ကို ကုသိုလ်တော်ဘုရားကြီးမှ ပိဋကတ်ကျောက်စာမူအတိုင်း တည်ထားကိုးကွယ်ခဲ့သဖြင့် နှစ်ကာလအားဖြင့် ၉၉ နှစ်တိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဒုတိယအကြီးဆုံးကျောက်စာတိုက်ဖြစ်သည်။

အဆိုပါကျောက်စာတိုက်ရှိ ယိုယွင်းပျက်စီးနေသော ဂန္ဓကုဋိတိုက်၊ ပင်မတန်ဆောင်းနှင့် ကျောက်စာတိုင်များကို ရှေးမူမပျက် ပိုမိုသပ်ရပ်တင့်တယ်စွာဖြင့် အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဘက်စုံပြုပြင်မွမ်းမံခြင်းများဆောင်ရွက်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသော တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




**ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ရေနက်ဆိပ်ကမ်းစီမံကိန်းနမူနာပုံစံကို တွေ့ရစဉ်။**(ကျောက်ဖြူ-SEZ)

**❖စာမျက်နှာ ၃ မှ**

စီမံချက်(Regional Master Plan)ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ (၁၉/၂၀၁၅) ကြိမ်မြောက်အစည်းအဝေးမှ အတည်ပြုပြီးဖြစ်ပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်နေရာ အတည်ပြုတိုင်းတာသတ်မှတ်ကြေညာရန်အတွက် တိုင်းတာပြီးစီးသည့် မြေဧရိယာ ၄၂၈၉ ဒသမ ၃၂ဧကအား အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြထားပြီး အတည်ပြုချက်ရရှိသည်နှင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၁ ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ ထားဝယ်၊ သီလဝါနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ထားဝယ်စီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့က ဇုန်အလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် တင်ဒါရလဒ်ကြေညာနိုင်ရန်အတွက် ပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ မိမိတို့လက်ရှိဖော်ဆောင်နေသည့် အထူးစီးပွားရေးဇုန်များအားလုံးသည် မိမိနိုင်ငံနှင့် ပြည်သူများအတွက်သာမက ဒေသတစ်ခုလုံးအတွက်အကျိုးရှိမည်ဖြစ်၍ သတ်မှတ်ချိန်များအတွင်း အမြန်ပြီးစီးအောင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

**(သတင်းစဉ်)**

**❋ မြန်မာနိုင်ငံမှ**

မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ် Roland Kobia ကပြောကြားသည်။

မြန်မာနိုင်ငံရေရှည်တည်တံ့သည့် ငါးမွေးမြူရေးစီမံကိန်း(MYSAP)သည် ဆင်းရဲမှုလျှော့ချရေး၊ အစားအစာနှင့် အာဟာရဖူလုံမှုမြှင့်တင်ရေးအတွက် ယူရိုငွေသန်း ၂၀ သုံးစွဲရန် ရည်မှန်းထားသည်။ ငါးမွေးမြူရေးလုပ်ငန်းသည် အစားအစာနှင့် အာဟာရဖူလုံရေးနှင့် ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းကို ပိုမိုထုတ်လုပ်ပေးနိုင်သော်လည်း ဖွံ့ဖြိုးမှုနောက်ကျဆဲဖြစ်သည်။ MYSAPသည် ရေရှည်တည်တံ့သည့် ရေချိုငါးမွေးမြူရေးနှင့် ဂေဟစနစ်ကို အခြေပြုသည့် လမုသစ်တောများပြန်လည်စိုက်ပျိုးခြင်းအပါအဝင် ကမ်းခြေပုစွန်မွေးမြူခြင်းအလေ့အထကိုလည်း ထောက်ပံ့နိုင်ရန် ရည်ရွယ်သည်။

ယူရိုငွေသန်း ၃၀ကို တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် သုံးစွဲရန် လျာထားသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာစံနှုန်းများ၊ အခြေခံလွတ်လပ်ခွင့်များနှင့် လူ့အခွင့်အရေးများကို လေးစားလိုက်နာသော ထိရောက်ကျွမ်းကျင်သည့် တာဝန်ခံမှုရှိသော ရဲတပ်ဖွဲ့ဖြစ်လာစေရန် ပြုပြင်ပြောင်းလဲသွားမည်ဖြစ်သည်။

အဆိုပါစီမံကိန်းသည် ယခင်ကအောင်မြင်မှုရခဲ့သည့် ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခဲ့သည့်စီမံချက်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ပေးနေသော စီမံကိန်းဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးငါးနှစ်တာစီမံကိန်းသည် ရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရန်၊ ခေတ်မီသောအလေ့အထဖြင့် လူထုအဖွဲ့အစည်းကို ထိန်းသိမ်းကြပ်မတ်ရန်နှင့် စနစ်တကျဖြင့် လူစုလူဝေးဖြိုခွဲရန်၊ တာဝန်ခံမှုမြှင့်တင်ရန်နှင့် ရဲလုပ်ငန်းတာဝန်များကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းညှိသည့် ဥပဒေမူဘောင်များ တိုးတက်ဖွံ့ဖြိုးလာရန် ထောက်ပံ့ပေးမည်ဖြစ်သည်။ ရဲနှင့်လူထုအကြား အပြန်အလှန်နားလည်မှု၊ တိကျမှန်ကန်သော သတင်းအချက်အလက်များ ဝေငှခြင်းစသည်တို့ကို မြှင့်တင်ရန်အတွက် လူထုဆက်သွယ်ရေး(Media)နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် မူဝါဒလမ်းစဉ်များကို ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ဆောင်သွားမည်။

ယူရိုငွေ သန်း ၂၀ ကို မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ဆက်လက်ပံ့ပိုးသွားရန် ရည်ရွယ်ထားသည်။ အပစ်အခတ်ရပ်စဲရေးကို ပူးတွဲစောင့်ကြပ်ကြည့်ရှုသည့်စနစ်၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု၊ ပဋိပက္ခအကျိုးသက်ရောက်မှုခံစားရသည့်နေရာများတွင် လူမှုစီးပွားရေး ပြန်လည်ကောင်းမွန်လာစေရန်အတွက် ပံ့ပိုးပေးခြင်းဖြင့် အဆိုပါအထောက်အပံ့သည် ရေရှည်တည်တံ့သည့် စစ်မှန်သောငြိမ်းချမ်းရေး၊ လုံခြုံမှုနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးတို့ကို ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

**(အီးယူ)**

နိုင်ငံတကာ

# အိုင်အက်စ်တို့၏ ထောက်ပံ့မှုနှင့် ဗုံးဖောက်ခွဲရန်ကြံစည်သူ ကိုးဦး အင်ဒိုနီးရှားတွင် ဖမ်းမိ

**ဂျကာတာ ဒီဇင်ဘာ ၂၁**

အင်ဒိုနီးရှား ရဲတပ်ဖွဲ့သည် နိုင်ငံတွင်း၌ဗုံးဖောက်ခွဲတိုက်ခိုက်ရန် လျှို့ဝှက်ကြံစည်နေသူဟု သံသယရှိသူ ကိုးဦးကို ဖမ်းဆီးနိုင်ခဲ့သည်။ ဖမ်းမိသူ ကိုးဦးအနက် ငါးဦးမှာ အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့ (အိုင်အက်စ်)တို့၏ ထောက်ပံ့ စေလွှတ်ထားသူများဖြစ်ပြီး ကျန်လေးဦးမှာ ပြည်တွင်း အစ္စလာမ္မစ်အဖွဲ့တစ်ဖွဲ့မှဖြစ်ကြောင်း အင်ဒိုနီးရှား ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီးမိထားသည့် သံသယရှိသူများသည် ဂျာဗား ကျွန်း၊ ဆူမတြားကျွန်းနှင့် ခါလီမန်တန်ကျွန်းများ၌ ယခုလ အတွင်း ဗုံးခွဲတိုက်ခိုက်ရန် လျှို့ဝှက်ကြံစည်နေသူများဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ၎င်းတို့ကို သောကြာနေ့မှ စနေနေ့အထိ နေရာငါးနေရာ၌ စီးနင်းတိုက်ခိုက်မှုများတွင် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဗုံးပြုလုပ်နိုင်သည့် အစိတ်အပိုင်းများ၊ စနက်တံများနှင့် လက်လုပ်ဗုံးပြုလုပ်နိုင်သည့်ပစ္စည်းများကို သိမ်းဆည်းနိုင်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ထို့ပြင် ရဲတပ်ဖွဲ့ဝင်များသည် အိုင်အက်စ်အဖွဲ့က ထောက်ပံ့ထားသည့် ဘဏ္ဍာငွေများကိုလည်း သိမ်းဆည်းနိုင်ခဲ့သည်ဟု သိရသည်။

အမေရိကန်နှင့် ဩစတြေးလျ တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများသည် အဆိုပါ ဗုံးဖောက်ရေးလျှို့ဝှက်ကြံစည်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အင်ဒိုနီးရှားနိုင်ငံသို့ အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားမီဒီယာများက ရေးသားဖော်ပြသည်။ မီဒီယာများ၏ ဖော်ပြချက်အရ ဂျကာတာမြို့ရှိ ရဲစခန်းတစ်ခုသည် ၎င်းတို့၏ ပစ်မှတ်တစ်ခုဖြစ်သည်ဟု သိရသည်။ ဗုံးဖောက်ခွဲရေးလျှို့ဝှက်ကြံစည်သူအချို့သည် နိုင်ငံတွင်း၌ လှုပ်ရှားနေဆဲဖြစ်မည်ဟု ရဲတပ်ဖွဲ့ဝင်များက ယူဆထားသည်။

အင်ဒိုနီးရှားနိုင်ငံသား ၅၀၀ ကျော်သည် အရှေ့အလယ်ပိုင်းဒေသရှိ အိုင်အက်စ်အဖွဲ့နှင့်ပူးပေါင်းရန် နိုင်ငံတွင်းမှ ထွက်ခွာသွားခဲ့သည်ဟု ယူဆရသည်။ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာတွင် အစ္စလာမ်ဘာသာဝင်အများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**



# တောင်တရုတ်ပင်လယ်အတွင်း စစ်သင်္ဘောများစေလွှတ်မှုရပ်တန့်ရန် အမေရိကန်ပြည်ထောင်စုအား တရုတ်တိုက်တွန်း

**ပေကျင်း ဒီဇင်ဘာ ၂၁**

တောင်တရုတ်ပင်လယ်အတွင်း ပေကျင်းကတည်ဆောက်ထားသော ကျွန်းတုများအနီးသို့ စစ်လေယာဉ်နှင့် စစ်သင်္ဘောများစေလွှတ်မှုကိုရပ်တန့်ရန် အမေရိကန်ပြည်ထောင်စုအား တိုက်တွန်းထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ရိက ယနေ့ ပြောကြားလိုက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကဆိုသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် တယ်လီဖုန်းစကားပြောကြားမှုတစ်ခုအတွင်း ဝမ်က ဝါရှင်တန်သည် တရုတ်တိုင်ပေသို့လက်နက်ရောင်းချမှုကို ဖျက်သိမ်းသင့်ကြောင်းပြောကြားရင်း တရုတ်နိုင်ငံ၏ အလေးအနက်ထားသောရပ်တည်ချက်ကို ဖော်ပြလိုက်သည်ဟု ယင်းဝန်ကြီးဌာနကဆိုသည်။

“အမေရိကန်ပြည်ထောင်စုအနေနဲ့ တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ချင်တယ်ဆိုရင် တရုတ်နိုင်ငံရဲ့အကျိုးစီးပွားနဲ့ စိုးရိမ်ပူပန်မှုကို အလေးထားသင့်ပြီး တပ်ဖွဲ့အသုံးပြုမှုကိုရပ်တန့်သင့်ကြောင်း ဝမ်၏ပြောကြားချက်ကို ကိုးကား၍ အဆိုပါဝန်ကြီးဌာနကဆိုသည်။ ဖုန်းဖြင့်စကားပြောဆိုမှုမှာ တရုတ်နိုင်ငံက တည်ဆောက်ထားသော ကျွန်းတုများ အနက် တစ်ခုအနီး ရေမိုင်နှစ်မိုင်အတွင်းထိ အငြင်းပွားပင်လယ်ပြင်အတွင်း ဘီ-၅၂ ဗုံးကြဲလေယာဉ်တစ်စင်းက လုပ်ရိုးလုပ်စဉ်မစ်ရှင်တစ်ခု ပျံသန်းခဲ့ကြောင်း ပြီးခဲ့သည့်ရက်သတ္တပတ်တွင် အမေရိကန်တာဝန်ရှိသူများက ဝန်ခံပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါထုတ်ပြန်ချက်၏အဆိုအရ နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုကို သက်ရောက်စေနိုင်သော ကိစ္စရပ်များအပေါ် အမြင်များဖလှယ်ရန် အမေရိကန်ပြည်ထောင်စုက အမြဲတမ်းပြင်ဆင်ထားသည်ဟု ကယ်ရီက ပြောကြားသည်။ Perry-class ဖရီးဂိတ်စစ်သင်္ဘောနှစ်စင်းနှင့် ကုန်းရေနှစ်သွယ်သုံး တိုက်ခိုက်ရေးယာဉ်များအပါအဝင် တရုတ်တိုင်ပေသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၃ ဘီလီယံတန်ကြေးရှိ လက်နက်များရောင်းချရန် အမေရိကန်ပြည်ထောင်စု၏ ပြီးခဲ့သည့်ရက်သတ္တပတ်ကဆုံးဖြတ်ချက်နှင့် ဒီဇင်ဘာ ၁၀ ရက်က အငြင်းပွားကျွန်းစုအပေါ် ဘီ-၅၂ ဗုံးကြဲလေယာဉ်ပျံသန်းမှုက တရုတ်နိုင်ငံအား အမျက်ဒေါသဖြစ်စေခဲ့သည်။ **ကျိုဒိုနယူးစ်။**

# ပြည်တွင်းစစ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူ တမီလ်များအား ပြန်လည်နေရာချထားပေးမည်

**ကိုလံဘို ဒီဇင်ဘာ ၂၁**

သီရိလင်္ကာနိုင်ငံ၌ ပြည်တွင်းစစ်ကာလအတွင်း အိုးအိမ်မဲ့ဖြစ်ခဲ့ကြရသော တမီလ်များအား ခြောက်လအတွင်း ပြန်လည်နေရာချထားပေးနိုင်ရန် အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ထူထောင်ပေးမည်ဟု သမ္မတ မိုင်သီရိပါလာ သီရိသေနာက ကတိပြုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆယ်စုနှစ် သုံးစုကြာ ပြည်တွင်းစစ်ကာလအတွင်း မိမိတို့၏ အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသော ပြည်သူများအား ၎င်းတို့၏ မူလနေထိုင်ရာ နေရာဒေသများ၌ ပြန်လည်အခြေစိုက် နေထိုင်ခွင့်ပေးရန် အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ထူထောင်ပေးမည်ဖြစ်ကြောင်း ဂျက်ဖနာမြို့၌ ဒီဇင်ဘာ ၂၀ ရက်က ပြုလုပ်သည့် ခရစ္စမတ်ပွဲတော် အထိမ်းအမှတ် အခမ်းအနားတစ်ရပ်တွင် သမ္မတ သီရိသေနာက ပြောကြားသည်။

စစ်ဘေးရှောင် ဒုက္ခသည်များဖြစ်ခဲ့ကြရသော ပြည်သူများသည် ယခုအခါ နိမ့်ကျလှသည့် အခြေအနေတွင် နေထိုင်ကြရသည်မှာ ဝမ်းနည်းဖွယ်ကောင်းကြောင်း သမ္မတ သီရိသေနာက ပြောကြားသည်။

ယခင်သမ္မတ မဟိန္ဒြာရာဇာပက်ဆာ၏ အစိုးရအဖွဲ့သည် စစ်ပွဲကို အဆုံးသတ်အောင် လုပ်ဆောင်နိုင်စွမ်းရှိခဲ့သော်လည်း ငြိမ်းချမ်းရေးနှင့် စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို တည်ဆောက်နိုင်ခြင်းမရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

စစ်ပွဲကို အောင်နိုင်ခဲ့ပြီး ငြိမ်းချမ်းရေး ပြန်လည်ရရှိလာသော်လည်း စစ်ပွဲဖြစ်ပွားရသည့် အဓိကအကြောင်းတရားများကို ယခုတိုင်အောင် အဖြေမရှာနိုင်ကြောင်း ၎င်းက ပြောကြားသည်။ **ရိုက်တာ။**





# အင်ဒိုနီးရှား၌ ကူးတို့ရေယာဉ်မတော်တဆမှုဖြစ်ပွား၊ လူ ၈၀ နီးပါးပျောက်ဆုံးနေဆဲ

**ဆီဝါ(အင်ဒိုနီးရှား) ဒီဇင်ဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ် ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ပြေးဆွဲနေသည့် ကူးတို့ရေယာဉ်တစ်စင်း မတော်တဆမှုဖြစ်ပွားရာ လွန်ခဲ့သည့် ၂၄ နာရီအတွင်း လူပေါင်း ၈၀ နီးပါးပျောက်ဆုံးနေကြောင်း၊ ယင်းကူးတို့ရေယာဉ်မှာ လှိုင်းကြီးလေထန်မှုကြောင့် နစ်မြုပ်ခဲ့ရခြင်းဖြစ်ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကူးတို့ရေယာဉ်မတော်တဆမှုဖြစ်ပွားခြင်းကြောင့် သေဆုံးသူသုံးဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိရပြီး ၃၉ ဦးကို အသက်ရှင်လျက် ကယ်ဆယ်ရရှိခဲ့ကြောင်း အင်ဒိုနီးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

အသက်ရှင်ကျန်သူ ၃၉ ဦးမှာ ငါးဖမ်းသမားများ ချထားသော ဖော်ယာများကို နာရီပေါင်းအတန်ကြာမျှ တွယ်ကပ်နေပြီး ၎င်းတို့အား ကယ်ဆယ်မည့်သူများ ရောက်ရှိလာသည်အထိ စောင့်ဆိုင်းနေခဲ့ရသူများဖြစ်ကြသည်။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့များသည် လတ်တလောအချိန်အထိ နစ်မြုပ်သွားသော ကူးတို့ရေယာဉ်ကို ရှာဖွေတွေ့ရှိခြင်း မရှိသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ နစ်မြုပ်သွားသော အဆိုပါ ကူးတို့ရေယာဉ်သည် ခရီးသည် ၁၁၈ ဦးအား ဆူလာဝေစီကျွန်းအနီးမှ တင်ဆောင်ကာ ဒီဇင်ဘာ ၂၀ ရက် နှောင်းပိုင်းတွင် ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာ ခေါင်းဆောင်တစ်ဦးသေဆုံး

**ဘေရွတ် ဒီဇင်ဘာ ၂၁**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာ စစ်သွေးကြွ ခေါင်းဆောင်တစ်ဦး သေဆုံးခဲ့ရကြောင်း ဆီးရီးယားနိုင်ငံပိုင် သတင်းဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟစ်ဇ်ဘိုလာ စစ်သွေးကြွ ခေါင်းဆောင် ဆာမီးကန်တာသည် ဆီးရီးယားနယ်မြေမှနေ၍ အစ္စရေးနိုင်ငံကိုတိုက်ခိုက်ရန် ပြင်ဆင်ဆောင်ရွက်နေခဲ့သူ ဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားသည်။ သို့ရာတွင် ၎င်းအား လေကြောင်းမှ တိုက်ခိုက်ခဲ့သည်ဟု အတည်ပြုပြောကြားခြင်း မရှိကြပေ။

ဆာမီးကန်တာ သေဆုံးမှုကြောင့် အီရန်ထောက်ခံသော ဟစ်ဇ်ဘိုလာအဖွဲ့နှင့် အစ္စရေးနိုင်ငံအကြား တင်းမာမှုများ ပြန်လည်ဖြစ်ပေါ်လာနိုင်သည်ဟု အစ္စရေးအစိုးရ၏ အမျိုးသားလုံခြုံရေး အကြံပေးအရာရှိဟောင်းတစ်ဦးက ပြောကြားသည်။

အစ္စရေးနိုင်ငံသည် လွန်ခဲ့သည့် ငါးနှစ်က စတင်ခဲ့သော ဆီးရီးယားပြည်တွင်းစစ်၌ ပါဝင်ပတ်သက်ခြင်း မပြုပေ။ သို့ရာတွင် လူသိရှင်ကြားကြေညာခြင်းမရှိဘဲ ဆီးရီးယားနိုင်ငံရှိ ဟစ်ဇ်ဘိုလာ ပစ်မှတ်များအား လေကြောင်းမှ တိုက်ခိုက်မှုများကို ပြုလုပ်လျက်ရှိသည်။

အင်အားကြီးမားသော ရှီးယိုက်အုပ်စုဖြစ်သည့် ဟစ်ဇ်ဘိုလာအဖွဲ့သည် သမ္မတ ဘာရှားအယ်လ်အာဆတ်အားဖြုတ်ချရန် ကြိုးပမ်းသူများကို တိုက်ထုတ်ရန် ဆီးရီးယားနိုင်ငံသို့ တိုက်ခိုက်ရေးသမား ရာပေါင်းများစွာကို စေလွှတ်ပေးခဲ့သည်။

ဆာမီးကန်တာ သေဆုံးရမှုအတွက် ပြန်လည် လက်စားချေသွားမည်ဟု ဟစ်ဇ်ဘိုလာ ခေါင်းဆောင် ဆာအီဟက်ဆန် နာဆရာလာက ပြောကြားသည်။

**ရိုက်တာ။**



ဟစ်ဇ်ဘိုလာစစ်သွေးကြွခေါင်းဆောင် ဆာမီးကန်တာ။

# နိုင်ငံတော်အစိုးရသစ်လက်ထက် ဆောင်ရွက်ခဲ့သော ဆဋ္ဌသင်္ဂါယနာသမိုင်းဝင် မဟာပါသာဏလိုဏ်ဂူ မွမ်းမံပြင်ဆင်မှုများ

ဝင်းသီရိ(ကမ္ဘာအေး)

**ဂေါတမမြတ်စွာဘုရား၏ ဩဝါဒကထာ**

ခရစ်တော်မပေါ်မီ ဘီစီ-၅၈၉ ခုနှစ်တွင် ဂေါတမမြတ်စွာဘုရားပွင့်တော်မူခဲ့ပါသည်။ ဂေါတမမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူချိန်မှစ၍ အေးသည်၊ ပူသည်၊ ပင်ပန်းသည်၊ နွမ်းနယ်သည်၊ မကျန်းမမာဖြစ်သည်မဟူ (၄၅) ဝါပတ်လုံး သတ္တဝါတို့၏ အကျိုးစီးပွားအတွက် လုံ့လဝီရိယကြီးစွာဖြင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်တို့ကို မနေမနား ဟောကြားတော်မူခဲ့ပါသည်။ မြတ်စွာဘုရားက-

**“ချစ်သား အာနန္ဒာ--ငါဘုရားဟောကြားထားသော ဓမ္မဝိနယခေါ် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားတော်တို့သည် ငါဘုရားပရိနိဗ္ဗာန်စံတော်မူသောအခါ သင်တို့၏ ဆရာဖြစ်သည်”ဟု ဟောကြားတော်မူခဲ့ပါသည်။**

ထိုဟောကြားချက်အရ “ဓမ္မဝိနယ”ခေါ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ ထင်ရှားစွာရှိနေသမျှကာလပတ်လုံး ဗုဒ္ဓသာသနာတော် တည်ရှိနေမည်ဖြစ်ပါသည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ ကွယ်ပျောက်ပါက ဗုဒ္ဓသာသနာကွယ်ပျောက်မည်ဖြစ်ပြီး ကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံး မှောင်အတိဖုံးလွှမ်းရာရောက်မည်ဟု ဆိုလိုသည်။

ဂေါတမမြတ်စွာဘုရားသည် ခရစ်တော်မပေါ်မီ ဘီစီ-၅၄၄ ခုနှစ်တွင် ပရိနိဗ္ဗာန်စံတော်မူခဲ့ပါသည်။



လိုဏ်ဂူတော်အမိုးအား Hollow Pipe ဖရိန်များဖြင့် ပြန်လည်မွမ်းမံ ပြင်ဆင်နေစဉ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ခေတ်အဆက်ဆက် ရဟန္တာမထေရ်မြတ်များနှင့် သံဃာတော်များသည် သာသနာမကွယ်ပျောက်အောင် အဆင့်ဆင့်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ သာသနာညှိုးနွမ်းတော့မည့် အခြေအနေ ပေါ်ပေါက်သည့်အခါတိုင်း ရဟန္တာမထေရ်မြတ်ကြီးများဦးဆောင်၍ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များကို စုပေါင်းရွတ်ဆိုကြသည်။ သင်္ဂါယနာတင်ပွဲများကို မင်းများ၊ အစိုးရများ၊ ပြည်သူများ၏ ထောက်ပံ့ကူညီမှုများဖြင့် ကျင်းပခဲ့ရာ (၆) ကြိမ်တိုင် အောင်မြင်စွာဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

**သင်္ဂါယနာ၏အဓိပ္ပာယ်**

**“သံ”** ၏အဓိပ္ပာယ်မှာ စုပေါင်း၍ဖြစ်ပြီး **“ဂါယနာ”** ၏အဓိပ္ပာယ်မှာ ရွတ်ဆိုခြင်းဖြစ်ရာ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားဒေသနာတော်များကို တစ်စုံတစ်ရာ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း အလျှင်းမရှိဘဲ ဟောတော်မူခဲ့သည့်အတိုင်း ရွတ်ဆိုခြင်းဖြင့် သင်္ဂါယနာတင်ခြင်းပင် ဖြစ်လေသည်။

**သင်္ဂါယနာတင်သမိုင်း**

ပထမသင်္ဂါယနာကို သာသနာနှစ် (၁) ဘီစီ-၅၄၄ တွင် အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်ပြည် ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူမဏ္ဍပ်တော်၌ အရှင်မဟာကဿပ၊ အရှင်ဉပါလိ၊ အရှင်အာနန္ဒာ အမှူးပြုသော ရဟန္တာအပါး ၅၀၀ တို့က အဇာတသတ်မင်းအထောက်အပံ့ဖြင့် ခုနစ်လတိုင် နှုတ်တက်အက္ခရာ သင်္ဂါယနာတင်ခဲ့သည်။

ဒုတိယအကြိမ် သင်္ဂါယနာကို သာသနာနှစ်(၁၀၀) ဘီစီ-၄၄၃ တွင် အိန္ဒိယနိုင်ငံ ဝေသာလီပြည် ဝါဠုကာရာမကျောင်းတိုက်၌ အရှင်ယသ၊ အရှင်သဗ္ဗကာမိ၊ အရှင်ရေဝတအမှူးပြုသော ရဟန္တာအပါး ၇၀၀ တို့က ကာလာသောကမင်း အထောက်အပံ့ဖြင့် ရှစ်လတိုင် နှုတ်တက်အက္ခရာ သင်္ဂါယနာတင်ခဲ့သည်။

တတိယသင်္ဂါယနာကို သာသနာနှစ်(၂၃၅) ဘီစီ-၂၇၃ တွင် အိန္ဒိယနိုင်ငံ ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတိုက်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ၊ အရှင်မဇ္ဈန္တိက၊ အရှင်မဟာဒေဝ အမှူးပြုသော ရဟန္တာအပါး ၁၀၀၀ တို့က သီရိဓမ္မာသောကမင်းကြီး အထောက်အပံ့ဖြင့် ကိုးလတိုင် နှုတ်တက်အက္ခရာ သင်္ဂါယနာတင်ခဲ့သည်။

စတုတ္ထသင်္ဂါယနာကို သာသနာနှစ်(၄၅၀) ဘီစီ-၉၀ တွင် သီရိလင်္ကာနိုင်ငံ မလယဇနပုဒ် အာလောကလိုဏ်ဂူ၌ အရှင်မဟာဓမ္မရက္ခိတအမှူးပြုသော ရဟန္တာအပါး ၅၀၀ တို့က ဝဋ္ဋဂါမဏိမင်း အထောက်အပံ့ဖြင့် တစ်နှစ်တိုင် ပေထက်အက္ခရာ သင်္ဂါယနာတင်ခဲ့သည်။

ပဉ္စမသင်္ဂါယနာကို သာသနာနှစ်-၂၄၁၅ ခရစ်နှစ်-၁၈၇၁ တွင် မြန်မာနိုင်ငံ မန္တလေးတောင်ခြေရှိ လောကမာရဇိန် ကုသိုလ်တော်ဘုရားဝင်းအတွင်းရှိ စကျင်ကျောက်ဖျာ ၇၂၉ ချပ်ပေါ်တွင် ပိဋကတ်တော်များကို အက္ခရာရေးထွင်း၍ ခုနစ်နှစ် ခြောက်လ ၁၄ ရက်တိုင် ကျောက်ထက် အက္ခရာတင်ခြင်း၊ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇာဂုရု ဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ် အမှူးပြုသော သံဃာတော်အပါး ၂၄၀၀ တို့က ငါးလနှင့် သုံးရက်တိုင် နှုတ်တက်အက္ခရာတင်ခြင်းဖြင့် သင်္ဂါယနာတင်ခဲ့သည်။

**သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ**

မြန်မာနိုင်ငံ ကိုလိုနီဘဝမှ လွတ်မြောက်၍ ကိုယ့်မင်းကိုယ့်ချင်းဘဝ ရောက်ရှိသောအခါ အမျိုး၊ဘာသာ၊သာသနာဇာတိမာန်များ တဖွားဖွားပေါ်ပေါက်လျက်ရှိပြီး ဆဋ္ဌသင်္ဂါယနာတင်ရန် စိတ်အားထက်သန်လာခဲ့ပါသည်။ ဆဋ္ဌသင်္ဂါယနာတင်နိုင်ရေးအတွက် တိုင်းပြုပြည်ပြုလွှတ်တော်(ပါလီမန်)၌ ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေကို ၁၉၅၀ ပြည့်နှစ်တွင် အဆိုတင်သွင်းခဲ့ပါသည်။

ရှေးယခင်က ကမ္ဘာအေးကုန်းမြေနေရာသည် ရော်ဘာခြံကြီးဖြစ်သဖြင့် **“ကော်ပတ်ခြံ”**ဟူ၍ အမည်တွင်ခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင် စီမံကိန်းရေးဆွဲပြီးချိန်၌ မြေဧက ၁၃၀ ဒသမ ၁၆ ဧကရှိ ရော်ဘာခြံ **“ကော်ပတ်ခြံ”**ကို နိုင်ငံတော်အစိုးရက လျော်ကြေးပေးသိမ်းယူပြီး ရော်ဘာပင်များကို ခုတ်ထွင်ရှင်းလင်းခဲ့ပါသည်။ ၎င်းနောက် ၁၉၅၀ ပြည့်နှစ်တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး အောင်မြင်စွာကျင်းပခြင်း အထိမ်းအမှတ်ရည်ရွယ်လျက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကို ၁-၉-၁၉၅၀ ရက်နေ့တွင် စတင်ပန္နက်တင်၍ ၃-၉-၁၉၅၀ ရက်နေ့တွင် အုတ်မြစ်စီခဲ့ပြီး ၅-၃-၁၉၅၂ ရက်နေ့တွင် ဗုဒ္ဓဘိသေက အနေကဇာတင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ သီရိမင်္ဂလာကမ္ဘာအေးစေတီကို အစွဲပြု၍ သိမ်းဆည်းထားသောမြေများကို သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေဟု အမည်တွင်ခဲ့ပေသည်။ ယင်းကာလမှစ၍ မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံမှ ကမ္ဘာအေးကုန်းမြေကို ဖြတ်သန်းကာ ရန်ကင်းမြို့နယ်၊ ဗဟန်းမြို့နယ်အထိ သုံးမြို့နယ် ရှည်လျားသော လမ်းမကြီးကိုလည်း ကမ္ဘာအေးစေတီလမ်းဟူ၍ သတ်မှတ်ခေါ်ဆိုခဲ့လေသည်။

**သာသနာ့အာဇာနည်တိပိဋကဓရ ဆရာတော်ပေါ်ထွန်းရေး**

ဆဋ္ဌသင်္ဂါယနာတင်နိုင်ရေးအတွက် ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်သော တိပိဋကဓရ ဆရာတော်တစ်ပါး လိုအပ်လျက်ရှိရာ မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသအား တိပိဋကဓရရွေးချယ်ရေး စာမေးပွဲဖြေဆိုရန် ဝိုင်အမ်ဘီအေအသင်းမှ ၁၉၄၈ ခုနှစ်တွင် စာဖြင့်လျှောက်ထားခဲ့ပါသည်။ မင်းကွန်းဆရာတော်ကြီးသည် ပိဋကတ်သုံးပုံအာဂုံဆောင် စာမေးပွဲကို ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၃ ခုနှစ်ထိ သုံးနှစ်တိုင်တိုင် ဖြေဆိုခဲ့ရာ ၁၉၅၄ ခုနှစ် ကဆုန်လတွင် အဆင့်(၁)ဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့တော်ကို ရရှိတော်မူခဲ့ပါသည်။ ထိုအချိန်မှစ၍ ယခုအချိန်အထိ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တော် ဆက်ကပ်ခြင်းခံရသည့် သာသနာ့အာဇာနည် ဆရာတော် ၁၃ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ပါသည်။

**ဗုဒ္ဓသာသနာအမှုဆောင်ဖွဲ့စည်းခြင်း**

ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေ အတည်ပြုပြီးသောအခါ ၂၆-၈-၁၉၅၁ ရက်နေ့တွင် ဗုဒ္ဓသာသနာအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ၈-၁-၁၉၅၂ ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရကိုယ်စား သာသနာရေးဝန်ကြီးက ဗုဒ္ဓသာသနာအမှုဆောင်အဖွဲ့ကို ဆဋ္ဌသင်္ဂါ ယနာတင်ကိစ္စများ ဆောင်ရွက်ရန်အတွက် လွှဲအပ်ခဲ့ပါသည်။



လိုဏ်ဂူတော်အမိုးအား 4- Angle အမိုးပြားများဖြင့် ပြန်လည်မွမ်းမံ ပြင်ဆင်ပြီးစီးပုံ။

**ဆဋ္ဌသင်္ဂါယနာစီမံကိန်းရေးဆွဲခြင်း**

၎င်းနောက် ၁၁-၂-၁၉၅၁ ရက်နေ့တွင် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရဆရာတော်ကြီး ၅၃ ပါးတို့ပါဝင်သော ဆဋ္ဌသင်္ဂါယနာဝန်ဆောင် သံဃာ့အဖွဲ့ကို ဖွဲ့စည်း၍ ဆဋ္ဌသင်္ဂါယနာတင်ရန် စီမံကိန်းရေးဆွဲခဲ့ပါသည်။ ၁၃-၉-၁၉၅၁ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် ဗုဒ္ဓသာသနာအဖွဲ့ အမှုဆောင်များနှင့် ညှိနှိုင်းစည်းဝေး၍ ဆဋ္ဌသင်္ဂါယနာတင် တည်ဆောက်ရေး လုပ်ငန်းရပ်များအတွက် စီမံကိန်းရေးဆွဲခဲ့ကြပါသည်။

**မဟာပါသာဏလိုဏ်ဂူတော်ကြီး တည်ဆောက်ခြင်း**

ပထမသင်္ဂါယနာတင်စဉ်အခါက အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်မြို့အနီး ဝေဘာရတောင် သတ္တပဏ္ဏိ လိုဏ်ဂူတော်ကြီး၌ အရှင်မဟာကဿပမထေရ်မြတ်ကြီး ဦးဆောင်၍ ပထမသင်္ဂါယနာတင်ခဲ့သည့်ထုံးကို နည်းယူလျက် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ ကျောက်တောင်လိုဏ်ဂူကြီးပမာ ဖန်တီးပြုလုပ်တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ဆဋ္ဌသင်္ဂါယနာတင် အကြိုကာလဖြစ်သော ၁၅-၁-၁၉၅၃ ရက်နေ့တွင် ပန္နက်တင်ပြီး ၄-၂-၁၉၅၃ ရက်နေ့တွင် အုတ်မြစ်တော်စီ စတင်တည်ဆောက်ခဲ့ရာ ၁၀-၅-၁၉၅၄ ရက်နေ့ထိ ရက်ပေါင်း ၃၉၆ ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ခဲ့ရပါသည်။ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အဆောက်အအုံကို အချိန်တိုတိုအတွင်း ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

လိုဏ်ဂူတော်အပြင်ဘက် အလျား ၄၅၅ ပေ၊ အနံပေ ၃၇၀ ကျယ်ဝန်းပြီး လိုဏ်ဂူအတွင်းဘက် အလျား ပေ၂၂၀၊ အနံ ပေ ၁၄၀ ကျယ်ဝန်းပါသည်။ လိုဏ်ဂူအတွင်း၊ အလယ်နှင့် ဘေးနှစ်ဖက်သံဃာစင်တွင် သံဃာတော် ၂၅၀၀ နေရာဆံ့၍ အလယ်ကြမ်းပြင်ရှိ လူပရိသတ် ၃၀၀၀ ခန့် နေရာယူနိုင်ပါသည်။ ဆဋ္ဌသင်္ဂါယနာ အထိမ်း အမှတ်အဖြစ် အလယ်တိုင်ကြီး ခြောက်တိုင်နှင့် ပြင်ပ ထွက်ပေါက် ခြောက်ပေါက်ပြုလုပ်ထားပါသည်။ လိုဏ်ဂူတော်အတွင်းလမ်း၊ အပြင်လမ်းတို့မှ ကျောက်တောင်မြောက်ဘက်ထိပ်တောင်စောင်းများတွင် ကမ္ဗဋ္ဌာန်းတရားအားထုတ်ရန် ဂူငယ်များ ပြုလုပ်ဖန်တီးထားသဖြင့် သဘာဝကျောက်တောင်ကြီးသဖွယ် ရှုမြင်နိုင်မည်ဖြစ်ပါသည်။

လိုဏ်ဂူတော်ကြီး စတင်တည်ဆောက်သည်မှ ပြီးဆုံးသည်အထိ တပ်မတော်မှ အရာရှိ အရာခံ စစ်သည်များ၊ အရပ်သားများ၊ အလုပ်သမားများနှင့် အနယ်နယ်အရပ်ရပ်မှ လုပ်အားစေတနာရှင်ပေါင်း ၃၃ သိန်းကျော်တို့က လုပ်အားအလှူမြတ်ဒါနပြုကြပြီး စုစုပေါင်းငွေကျပ် ၉၃၈၁၃၈၀/- (ကျပ်ကိုးဆယ့် သုံးသိန်းရှစ်သောင်းတစ်ထောင်သုံးရာ့ရှစ်ဆယ်) ကုန်ကျခဲ့ပါသည်။

**ဆဋ္ဌသင်္ဂါယနာတင်ခြင်း**

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ၌ နှစ် ၁၀၀ ခန့်နေခဲ့ရ၍ ဗုဒ္ဓသာသနာတော်ညှိုးနွမ်းလျက်ရှိရာ သာသနာတော်သန့်ရှင်းစင်ကြယ်ရေး၊ ပိဋကတ်တော် သန့်ရှင်းစင်ကြယ်ရေးတို့ကို ရှေးရှု၍ ဆဋ္ဌအကြိမ်မြောက်သင်္ဂါယနာတင်ခြင်းဖြစ်သည်။ ပိဋကတ်တော်များကို စာလုံးစီ၍ ပုံနှိပ်သည့်ခေတ်သို့ ရောက်ရှိနေပြီဖြစ်ရာ ပုံနှိပ်မှုအမျိုးမျိုးဖြစ်ပေါ်နေသဖြင့် ပုံနှိပ်မှုတစ်မျိုးတည်းတည်းဖြတ်သုတ်သင်ထားရှိရန်လည်း ရည်ရွယ်ပေသည်။ ညောင်ရမ်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတက သံဃာမထေရ်ကြီးအဖြစ် ဆောင်ရွက်လျက် မဟာစည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘဏ(ပုစ္ဆက)၊ မင်းကွန်းဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ(ဝိသဇ္ဇက) စသော ထေရဝါဒငါးနိုင်ငံမှ ရဟန်းသံဃာတော် ၂၅၀၀ တို့က ပိဋကတ်သုံးပုံအုပ်ရေ ၄၀၊ အဋ္ဌကထာကျမ်းများ၊ ဋီကာကျမ်းများကိုပါ သင်္ဂါယနာတင်ခဲ့ပြီး ပုံနှိပ်အက္ခရာဖြင့် ရိုက်နှိပ်ခဲ့ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ ၁၇-၅-၁၉၅၄ ရက်နေ့မှ ၁၉-၅-၁၉၅၆ ရက်နေ့ထိ နှစ်နှစ်တိုင်ကျင်းပခဲ့ရာ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူပြည်သားများ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားဟူသော ထေရဝါဒနိုင်ငံများနှင့် အခြားနိုင်ငံပေါင်း ၂၅ နိုင်ငံတို့ကလည်း အဘက်ဘက်မှလှူဒါန်းကူညီခဲ့ကြပါသည်။

**လိုဏ်ဂူတော်အမိုး ပြုပြင်မွမ်းမံခြင်း**

လိုဏ်ဂူတော်မိုးယိုသဖြင့် ၁၉၆၂ ခုနှစ်တွင် ပြည်သူ့အိုးအိမ်ဆောက်လုပ်ရေးကုမ္ပဏီနှင့် အစ္စရေးအင်ဂျင်နီယာများပူးပေါင်းပြီး မိုးရေခံဘိလပ်မြေဖြင့် လိုဏ်ဂူတော်အမိုးကိုပြုပြင်ခဲ့ရာ တန်ဖိုးငွေကျပ် ၂၇၆၆၅၀ (ကျပ်နှစ်သိန်းခုနစ်သောင်းခြောက်ထောင့်ခြောက်ရာငါးဆယ်ကျပ်) အကုန်ကျခံပြင်ဆင်ခဲ့ရပါသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံမတိုင်မီ လိုဏ်ဂူတော်အမိုးအားပြုပြင်ခြင်း၊ မွမ်းမံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ် (၁၁)ခု ဖြင့်ကျင်းပရာ သဝဏ်လွှာတစ်ခုဖတ်ကြားခြင်း၊ နိုင်ငံရေးပင်စင်ချီးမြှင့်ငွေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ ဥပဒေကြမ်းနှစ်ခု ဆွေးနွေးခြင်းနှင့် စိစစ်ရေးအဖွဲ့များဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်နာယကထံမှ နိုင်ငံတော်သမ္မတထံသို့ ယနေ့ရက်စွဲဖြင့် သဝဏ်လွှာပေးပို့မှုအား ဖတ်ကြားတင်ပြသည်။

အဆိုပါသဝဏ်လွှာတွင် ကချင်ပြည်နယ် ဖားကန့်ဒေသတွင် လက်ရှိဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဖြေရှင်းဆောင်ရွက်မှုအခြေအနေများကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ အမြန်ဆုံး ရှင်းလင်းတင်ပြသင့်ကြောင်း အရေးကြီးအဆိုတစ်ရပ် ပေးပို့ခဲ့ခြင်းအပေါ် ၎င်းကိစ္စရပ်ကို လွှတ်တော်အစည်းအဝေး၌ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆောလျင်စွာ ရှင်းလင်းတင်ပြပြီး ဆက်လက်စီမံဆောင်ရွက်ပေးနိုင်ပါရန် ဖော်ပြ၍ ပေးပို့ထားရှိကြောင်း ဖတ်ကြားတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က **တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေ**နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့် **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီဝင် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက ဖတ်ကြားတင်ပြသည်။

**ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်(၂၆) ချက်ရှိသည့်အနက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်နှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များအတိုင်း အတည်ပြုပြဋ္ဌာန်းသင့်ကြောင်း ဥပဒေကြမ်း ပူးပေါင်းကော်မတီက အစီရင်ခံတင်ပြရာ ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် **စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကအတည်ပြုရန်ကျန်ရှိသည့်အချက်များကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရာ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ပါဝင်ဆွေးနွေး အတည်ပြုကြပြီး ကျန်ရှိသည့်အချက်များကို ဆက်လက်အတည်ပြုသွားမည်ဖြစ်သည်။

ထို့ပြင် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း**ပါ လုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေး ပူးပေါင်းအဖွဲ့များဖွဲ့စည်းခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ အသိပေးတင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ဒီဇင်ဘာ၂၂ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရန်လျာထားကြောင်းသိရသည်။

**(သတင်းစဉ်)**



**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပစဉ်။** (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဖားဆောင်းမြို့နယ်တွင် စက်မှုဇုန် သို့မဟုတ် စက်မှုရပ်ကွက်တစ်ခု တည်ဆောက်ပေးရန်နှင့်စပ်လျဉ်း၍ မေးမြန်းဖြေကြား

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၄)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခု ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ရယူရန် ဆုံးဖြတ်ခြင်း၊ ဥပဒေကြမ်း(၂)ခု ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ ဥပဒေကြမ်း(၁)ခု ရုပ်သိမ်းကြောင်း ဆုံးဖြတ်ခြင်း၊ ဥပဒေကြမ်း(၁)ခု ပြန်လည်ဆွေးနွေးရန် ဆုံးဖြတ်ခြင်း၊ ဥပဒေကြမ်း(၁)ခု လက်ခံရရှိကြောင်းနှင့် ဥပဒေကြမ်း(၁)ခု အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက **ရခိုင်တိုင်းရင်းသားများဖြစ်ကြသော မြို့နှင့်ခမီတို့အား သီးခြားလူမျိုးများအဖြစ် အသိအမှတ်ပြုပြီးဖြစ်ရာ မြို့(ခ)ခမီ(သို့) မြို/(ခ)ခမီဟု သုံးနှုန်းခြင်းသည် တရားဝင်မှု ရှိ/မရှိနှင့် မြို့(ခ)ခမီအဖွဲ့အစည်း (မြို့(ခ)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့)ဟု ဖွဲ့စည်းထားခြင်းအပေါ် မည်သို့ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က မြန်မာနိုင်ငံ၌ ကောက်ယူခဲ့သော ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းများအရ လူမျိုးစု(၈)မျိုးတွင် တိုင်းရင်းသားလူမျိုး (၁၃၅)မျိုးရှိ **မြို**လူမျိုးနှင့် **ခမီ**လူမျိုးများကို စိစစ်ရာတွင် ရခိုင်လူမျိုးစု(၇)မျိုး၌ မြိုလူမျိုးနှင့် "ခမွီး"လူမျိုးများကိုသာ တွေ့ရပါကြောင်း၊ **ခမီ**လူမျိုးသည် ချင်းလူမျိုးစု(၅၃)မျိုးတွင် ပါဝင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ **မြို**လူမျိုးနှင့် **ခမီ**လူမျိုးတို့သည် တိုင်းရင်းသားလူမျိုးစု တစ်ခုစီမှ သီးခြားလူမျိုးတစ်မျိုးစီသာ ဖြစ်သည်ကိုသာ တွေ့ရပါကြောင်း။

ထို့ပြင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ တိုင်းရင်းသားလူမျိုးစာရင်းကြမ်းထွက်လာချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ လမ်းညွှန်မှုခံယူပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် အဆင့်ဆင့်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်၍ တိုင်းရင်းသားလူမျိုးအမည်များ သတ်မှတ်ပြီးမှသာလျှင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လွှတ်တော်သို့ အတည်ပြုချက်ရယူ၍ ထုတ်ပြန်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ မြို့နှင့် ခမီတို့အား သီးခြားလူမျိုးများအဖြစ် အသိအမှတ်ပြုပြီးဖြစ်ရာ မြို့(ခ)ခမီ (သို့) မြို/ခမီဟု သုံးနှုန်းခြင်းသည် တရားဝင်မှု ရှိ/မရှိနှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆုံးဖြတ်ပိုင်ခွင့် မရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မြို့(ခ)ခမီအမျိုးသားညီညွတ်ရေးပါတီ (မ. ခ. မ. ည. ဖ)အား မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီမှ (မ. တ. ဖ. ပ)အမည်သို့ ပြောင်းလဲသတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ မြို့(ခ)ခမီ အမည်ပါ နိုင်ငံရေးပါတီဟူ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုထားခြင်း မရှိပါကြောင်း ဖြေကြားသည်။



**ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ။**



**ဒုတိယဝန်ကြီး ဦးဝင်းမြင့်။**

ဖားဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင်(ကိုယ်စား) မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်းက **ကယားပြည်နယ်၊ ဘောလခဲခရိုင်၏ အဓိကအချက်အချာဒေသတစ်ခုဖြစ်သော ဖားဆောင်းမြို့နယ်တွင် စက်မှုဇုန် သို့မဟုတ် စက်မှုရပ်ကွက်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဖားဆောင်းမြို့နယ်သည် ကုန်းလမ်းခရီးဖြင့်ကောင်းမွန်နေပြီး စီးပွားရေးအဓိကကျသည့်မြို့ဖြစ်သော်လည်း မြေအနေအထားအရ စက်မှုဇုန်တည်ထောင်နိုင်ရန် မြေလုံလောက်မှု မရှိသဖြင့် မြို့ပြစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပါက စက်မှုဇုန် သို့မဟုတ် စက်မှုရပ်ကွက်တစ်ခု ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် ပြည်နယ်၏မြို့တော်ဖြစ်သော လွိုင်ကော်မြို့တွင် စက်မှုရပ်ကွက်အား စက်မှုဇုန်အဖြစ် တိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိသောကြောင့် လတ်တလောဆောင်ရွက်ပေးရန် မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် "ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်း"နှင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့လာသည့် "ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်း"တို့ကို ပြည်ထောင်စုလွှတ်တော်၌ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကအတည်ပြုသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပေးပို့သည့် "လျှပ်စစ်နည်းပညာများ"နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"ကို ပြည်သူ့လွှတ်တော်က ရုပ်သိမ်းကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သော "အခြေခံပညာဥပဒေကြမ်း"ကို ပြန်လည်ဆွေးနွေးမည်ဖြစ်ကြောင်း လွှတ်တော်ကဆုံးဖြတ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော "ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကြမ်း"ကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း လွှတ်တော်ကဆုံးဖြတ်သည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနက "နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်း"ကို တင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းပေးတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

## ရေစကြိုမြို့နယ် အထက(ဗလဗ) အာစရိယပူဇော်ပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အထက(ဗလဗ)၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (စနေနေ့)မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ဗလဗကျေးရွာရှိ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာဆရာမကြီး ၆၂ ဦးအား တွေ့ဆုံကန်တော့သည့် အာစရိယပူဇော်ကန်တော့ပွဲသို့ တက်ရောက်နိုင်ရန်၊ ဝေးကွာနေကြသော သူငယ်ချင်းများ ပြန်လည်ဆုံတွေ့နိုင်ကြရန် ရည်ရွယ်ကျင်းပခြင်းဖြစ်၍ စုံညီစွာတက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း ကျင်းပရေးကော်မတီထံမှ သိရသည်။

**(ကြေးမုံ)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာမည်။

အမျိုးသားလွှတ်တော်အစည်းအဝေး

# လယ်ယာမြေများအား သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပယ်ဖျက်ပေးသွားမည့်အခြေအနေနှင့်စပ်လျဉ်း၍ မေးမြန်းဖြေကြား

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် အစီအစဉ် ၁၆ ခုဖြင့်ကျင်းပရာ မေးခွန်းတစ်ခုမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း ၂ ခု အသိပေးခြင်း၊ အဆိုတစ်ခုဆွေးနွေးဆုံးဖြတ်ခြင်းနှင့် အစီရင်ခံစာ ၃ ခု ဖတ်ကြားမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ငွေး၏ **ပြည်ထောင်စုနယ်မြေနေပြည်တော်ဒေသတွင် မြို့နယ်များရှိ သစ်တောကြိုးဝိုင်းအတွင်း နှစ်အတန်ကြာကတည်းက စိုက်ပျိုးလုပ်ကိုင်နေကြသည့် တောင်သူများ၏ လယ်ယာမြေများအား သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပယ်ဖျက်ပေးသွားမည့်အခြေအနေကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်က နေပြည်တော်ကောင်စီနယ်မြေ သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ကျူးကျော်လယ်ယာမြေ သီးသန့်စာရင်းကို စိစစ်ကောက်ယူပြုစုခဲ့ပါကြောင်း၊ စာရင်းအရ ဒက္ခိဏခရိုင်တွင် ရွာပေါင်း ၁၆၀ အတွက် လယ်မြေ ၂၁၃၁၇ ဒသမ ၁၂ ဧက၊ ဥတ္တရခရိုင်တွင် ရွာပေါင်း ၈၆ ရွာအတွက် လယ်မြေ ၇၈၁၀ ဒသမ ၉၅ ဧက စုစုပေါင်း ၂၄၆ ရွာအတွက် လယ်မြေ ၂၉၁၂၈ ဒသမ ၀၇ ဧက စိစစ်ခဲ့ပြီး သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရယူသွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ပိုးသတ်ဆေးဥပဒေကြမ်း**နှင့် **အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

ယင်းနောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်၏ **ကချင်ပြည်နယ် ဖားကန့်ဒေသတွင် မြေစာတောင်ပြို၍ လူရာချီသေဆုံးမှုမျိုး ထပ်မံမဖြစ်ပွားရန်အတွက် ကြိုတင်ကာကွယ် စီမံဆောင်ရွက်သွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ရှင်းလင်းပြောကြားရာတွင် ကျောက်စိမ်းအပါအဝင် ကျောက်မျက်ရတနာ တူးဖော်ခြင်းလုပ်ငန်းများကို တိုင်းရင်းသားပိုင်ကျောက်မျက်ကုမ္ပဏီ၊ အသင်းများလုပ်ကိုင်နိုင်ရုံသာမက ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်လိုသည့် ဒေသခံများနှင့် အခြားနယ်များမှ ပုဂ္ဂလိကတစ်ဦးချင်းစီက ဆောင်ရွက်နိုင်မည့် ကျောက်မျက်ရတနာ လက်လုပ်လက်စားလုပ်ငန်းများနှင့် ကျောက်မျက်ရတနာအသေးစားလုပ်ငန်းများကို ခွင့်ပြုပေးနိုင်ရန် ခေတ်စနစ်နှင့်လျော်ညီသည့်အချက်များကို ပြင်ဆင်နိုင်ရန်တို့အတွက် **မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)**ကို ပြင်ဆင်ရေးဆွဲပြီး ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း၊



ဒုတိယဝန်ကြီး
ဒေါက်တာဒေါ်သက်သက်ဇင်



မဲဆန္ဒနယ်အမှတ်(၁၀)မှ
ဦးခင်မောင်ငွေး

ကျောက်မျက်ရတနာများကို ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေး၊ ဒေသ၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးတို့အတွက် သုံးစွဲရမည့် စက်ယန္တရားအရေအတွက်၊ ဝန်ဆောင်မှုတို့ကိုထပ်မံ၍ စနစ်တကျသတ်မှတ်ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေတွင် ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် လည်းကောင်း၊ ရေမဆေးရာဖွေသူများကို ထိရောက်သော အရေးယူဆောင်ရွက်မှုများပြုလုပ်၍ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက်လည်းကောင်း၊ ရတနာနယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတို့ရရှိစေရန်အတွက် အုပ်ချုပ်မှုအာဏာသက်ရောက်မှုရှိရန် လိုအပ်ပါကြောင်း၊ အုပ်ချုပ်မှုအာဏာသက်ရောက်ကောင်းမွန်စေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရအဖွဲ့တို့သည် တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားရာ ၎င်းအဆိုနှင့်ပတ်သက်၍ မဲခွဲဆုံးဖြတ်ပြီး အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်အခွင့်အရေးကော်မတီ၏ **ပထမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာများနှင့်စပ်လျဉ်း၍ စိစစ်တင်ပြချက် အစီရင်ခံစာ**ကို ကော်မတီဝင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦးက ဖတ်ကြားတင်သွင်းရာ လွှတ်တော်က အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ **ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတင်ပြချက် အစီရင်ခံစာ**ကို ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီးက ဖတ်ကြားတင်သွင်းရာ လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

ထို့ပြင် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏ **ပထမအကြိမ် အမျိုးသားလွှတ်တော်သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**ကို ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေက ဖတ်ကြားတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# မိုးရွာသွန်းမှုနည်းပါးခဲ့ခြင်းကြောင့် နွားထိုးကြီးမှ ပြောင်းပြာဆည် ရေဝင်ရောက်မှုနည်းပါး

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်အတွင်း ယမန်နှစ်က မိုးရွာသွန်းမှုနည်းပါးသဖြင့် ပြောင်းပြာဆည်ရေလှောင်တမံအတွင်း မိုးရေဝင်ရောက်မှုနည်းပါးပြီး ဆည်ရေသောက်စိုက်ခင်းအချို့ ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ခဲ့ရကြောင်း ဒီဇင်ဘာ ၂၁ ရက်က ဗလုံကျေးရွာနေ ဦးညွန့်ဝေက ပြောသည်။

“ပြောင်းပြာဆည်က ရေသိုလှောင်မှုနည်းနေတော့ ဆည်ရေလွှတ်တဲ့အခါ အရင်းပိုင်းကျေးရွာအချို့ပဲ ဆည်ရေရတယ်။ အဖျားပိုင်းကျေးရွာတွေဖြစ်တဲ့ ဖောင်းကား၊ ဖုံရွာ၊ ရသာ၊ လေးရွာဆုံ၊ ဗလုံ၊ ညောင်ပင်နဲ့ ကံဆင့်ကျေးရွာတွေက ဆည်ရေမရလိုက်ဘူး။ မျိုးစပါးတွေပျက်စီးကုန်တယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ပြောင်းပြာဆည်သည် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာအနီးတွင် တည်ရှိပြီး မြင်းခြံ-မန္တလေးသွား ကားလမ်းနှင့် ၈ မိုင် ၂ ဖာလုံဝေးသည်။ ပြောင်းပြာဆည်ရေလှောင်တမံမှာ အမြင့် ပေ ၇၀၊ အလျား ပေ ၆၅၃၀၊ ထိပ်အကျယ် ၂၄ ပေ၊ တူးမြောင်းအတွင်းပိုင်းအကျယ် ပေ ၁၉၇၀ ရှိကြောင်း သိရသည်။

ယမန်နှစ်က မြို့နယ်အချို့တွင် မိုးရွာသွန်းမှုနည်းပါးခဲ့ခြင်း၊ အချို့သောမြို့နယ်များတွင် ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ခြင်းတို့ကြောင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ တောင်သူများက မြေအောက်ရေအသုံးပြု၍ ရာသီအလိုက် အသီးအနှံများ စိုက်ပျိုးနေမှုကို မြင်တွေ့ရသည်။

**(သတင်း-မောင်သူညာ၊ ဓာတ်ပုံ-ထွန်းဝင်း)**

❖

# အရှေ့ရိုးမတောင်ပေါ်ဒေသမှ ကရင်တိုင်းရင်းသားများအား ကျောက်ကြီးမြို့လူငယ်များ အစားအသောက်နှင့် အဝတ်အထည်များ ပေးအပ်

**ကျောက်ကြီး ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့မှ စေတနာရှင်လူငယ်များ ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ အရှေ့ရိုးမတောင်ပေါ်ဒေသ မူသဲကျေးရွာနှင့် ခဲဒိုးကျေးရွာများသို့ မော်တော်ဆိုင်ကယ်များဖြင့်သွားရောက်၍ ကျေးရွာနေ ကရင်တိုင်းရင်းသားများအား Ensure နို့မှုန့်ဘူးများ၊ မုန့်ခြောက်ထုပ်များနှင့် အဝတ်အထည်များကို ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

အရှေ့ရိုးမတောင်ပေါ်ဒေသသည် လွတ်လပ်ရေးရပြီးချိန်မှ နှစ်ပေါင်း ၆၀ ကျော်တိုင် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်းစစ်ဒဏ်ကို ခံစားခဲ့ကြရပြီး ၂၀၁၂ ခုနှစ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုခဲ့ပြီးမှ နယ်မြေတည်ငြိမ်အေးချမ်းမှု ရရှိခဲ့သည်။

“သေနတ်သံ၊ ဗုံးသံနဲ့ ယမ်းငွေ့နံ့၊ သွေးနံ့တွေကြားမှာ နှစ်ရှည်လများနေခဲ့ရတော့ ဒေသခံကရင်တိုင်းရင်းသားတွေဟာ သူတို့အသက်ရှင်နေထိုင်ဖို့ပဲ အဓိကရုန်းကန်ခဲ့ရတယ်။ သူတို့ အနေဆင်းရဲ၊ အစားဆင်းရဲပြီး ဒုက္ခတွေရောက်နေကြတယ်။ အဲဒီအတွက် ကျွန်တော်တို့လူငယ်တွေ စေတနာရှင်တွေ ဝိုင်းဝန်းကူညီကြတာပါ။ နောက်ထပ်လည်း ဆက်လက်ကူညီသွားပါမယ်”ဟု လူငယ်များပူးပေါင်းအဖွဲ့မှ ကိုရဲသီဟက ပြောသည်။

ကျောက်ကြီးမြို့မှ မူသဲရွာအထိ မိုင် ၂၀ ကျော်၊ မူသဲရွာမှ ခဲဒိုးကျေးရွာအထိ ၁၀ မိုင် အရှေ့ရိုးမတောင်ပေါ် လမ်းကြမ်းကို နှစ်ညအိပ်ခရီးသွားရောက်ပြီး တောင်ပေါ်ဒေသ ကရင်တိုင်းရင်းသားများအား ကူညီပေးခဲ့ကြသော လူငယ်ပူးပေါင်းအဖွဲ့အား ဒေသခံများက ဝမ်းသာအားရ ကျေးဇူးတင်လျက်ရှိကြသည်။ **(၁၂၂)**



## ပြည်တွင်းရေးရာ

○ ကျောဖုံးမှ

အလိုက်ဆောင်ရွက်မည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဆောင်ရွက်မည့် ပြည်ထောင်စုအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လာမည့်ဇန်နဝါရီ ၁၂ ရက်တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပရန်ရှိပါကြောင်း၊ ပြည်ထောင်စု၏ ငြိမ်းချမ်းရေးခရီးလမ်းတွင် အစဉ်အလာရှိသည့် "ဝ"တိုင်းရင်းသားခေါင်းဆောင်များအား ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ကြားပါကြောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွင် အချိန်မရွေးပါဝင်လာနိုင်ရန် တံခါးဖွင့်ထားပါကြောင်း၊ "ဝ" အထူးဒေသ(၂) အနေဖြင့် ဒေသ၏ရေရှည်အကျိုးစီးပွားကိုမျှော်ကိုးပြီး ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေကြောင်းနှင့်အညီ ဆောင်ရွက်ပေးရန်လိုသည့် ကိစ္စများရှိပါက ပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးနိုင်ပါကြောင်းနှင့် ကူညီဆောင်ရွက်ပေးရန်ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မိမိတို့နိုင်ငံသည် ပြည်ထောင်စု တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့်နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားများ၏ အခွင့်အရေးရရှိရန် ဥပဒေများထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးကိစ္စများဆောင်ရွက်ရန် တိုင်းရင်းသားရေးရာဝန်ကြီးဌာနတစ်ခုဖွဲ့စည်း၍ ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ငြိမ်းချမ်းမှဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ငြိမ်းချမ်းမှ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ တိုင်းပြည်ကြီး ထာဝရငြိမ်းချမ်းရန်အတွက် မကြာခင်ကျင်းပမည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် အရေးကြီးသည့်အချက်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးဖြစ်ပါကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မှသာ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အခြေခံလိုအပ်ချက်ဖြစ်သည့် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများပါ အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများကြားတွင် တည်ရှိနေသည့် သံသယများ ပြေပျောက်စေရန် တွေ့ဆုံညှိနှိုင်းပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်စည်းလုံးညီညွတ်ရေးရရှိအောင် ဆောင်ရွက်မှုသည် နိုင်ငံအတွက် အလွန်အရေးကြီးပါကြောင်း၊ အမျိုးသားအားလုံး၏ လိုအင်ဆန္ဒများ၊ သံသယများ၊ လိုအပ်ချက်များကို တွေ့ဆုံညှိနှိုင်းပြီး အဖြေရှာနိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လမ်းဖွင့်ထားပါကြောင်း ပြောကြားသည်။

ယင်းနောက် "ဝ"အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံက "ဝ" အဖွဲ့အစည်းအနေဖြင့် **သမ္မတကြီး၏ ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်မှုဖြစ်စဉ်များနှင့် တိုးတက်မှုများအပေါ် ထောက်ခံကြိုဆိုပါကြောင်း၊** တပ်မတော်နှင့်လည်း ပူးပေါင်းဆောင်ရွက်ရန်နှင့် ယုံကြည်မှုတိုးမြှင့်ရန် ဆန္ဒရှိပါကြောင်း၊ "ဝ"ဒေသသည် မြန်မာနိုင်ငံ၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် "ဝ"ဒေသအနေဖြင့် ခွဲထွက်သည့်မူမျိုးကို ဆောင်ရွက်မည်မဟုတ်ပါကြောင်း၊ ငြိမ်းချမ်းရေးလမ်းကို ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ပါကြောင်း၊ "ဝ"ဒေသတွင်စီးပွားရေးဖွံ့ဖြိုးမှုကောင်းမွန်အောင်လုပ်ဆောင်သွားမည်ဖြစ်ပြီး မူးယစ်ဆေးဝါး လုံးဝပပျောက်အောင်လည်း ကိုင်တွယ်သွားမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ လယ်ယာဆည်မြောင်းကဏ္ဍများကို ဆက်လက်အကူအညီပေးရန် မျှော်လင့်ပါကြောင်း၊ လာမည့်ဇန်နဝါရီလတွင် ကျင်းပမည့် နိုင်ငံရေးဆွေးနွေးမှုတွင် ပါဝင်တက်ရောက်ရန်ဖိတ်ကြားမှုကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် တွေ့ဆုံပွဲသို့တက်ရောက်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)မှ ဦးမြင့်စိုးတို့က ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)မှ ဦးခင်ဇော်ဦး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့သည် "ဝ"အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ဗုဒ္ဓဘာသာယဉ်ကျေးမှုဖလှယ်ရေးလှုပ်ရှားမှုပါဝင်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသနှင့် ဒုတိယဥက္ကဋ္ဌ ဆရာတော်နှစ်ပါး၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့ ပါဝင်သော အဖွဲ့သည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဖလှယ်ရေး လှုပ်ရှားမှုပါဝင်ရန် ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံသို့ ကြွရောက်သွားကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တာ့လီချုံစိန်ဘုရားကျောင်း၏ ပင့်ဖိတ်စာအရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး ဦးဆောင်သည့်အဖွဲ့သည် တရုတ်နိုင်ငံ၌ ကျင်းပမည့် ဗုဒ္ဓဘာသာယဉ်ကျေးမှုဖလှယ်ရေး လှုပ်ရှားမှုကို ဒီဇင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ ပါဝင်တက်ရောက်မည်ဖြစ်ပြီး ကူမင်းမြို့၊ တာ့လီမြို့နှင့် ပေကျင်းမြို့တို့၌ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဗုဒ္ဓဘာသာယဉ်ကျေးမှုဖလှယ်ရေး၊ နှစ်နိုင်ငံကြား ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယနဂိုဏ်း ဗုဒ္ဓဘာသာ တရားဓမ္မတည်ဆောက်ဖလှယ်ခြင်းကိစ္စများကို ဆောင်ရွက်ပြီး သာသနာရေးဆိုင်ရာနေရာများကို သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။

"တရုတ်နဲ့ မြန်မာက အရင်ကတည်းက ချစ်ကြည်ရေးရှိပါတယ်။ ဘုန်းတော်ကြီးတို့ကတော့ ဗုဒ္ဓဘုရားက တစ်ဆူတည်းရှိတဲ့အတွက် ဒါ ညီအစ်ကိုမောင်နှမတွေလိုပဲ အောက်မေ့ပါတယ်။ ရင်းရင်းနှီးနှီးပဲ လက်တွဲပြီးတော့ နိဗ္ဗာန်ခရီးသွားကြဖို့ပါပဲ။ ဒီကနေ ကူမင်းကို အရင်သွားမှာပါ။ ကူမင်းမှာ နှစ်ရက်ကြာမယ်။ တာလီမှာ နှစ်ရက်ကြာမယ်။ ပေကျင်းမှာ ဘုရားရဲ့ စွယ်တော်ဖူးမယ်။ စုစုပေါင်း ခုနစ်ရက်ကြာမယ်"ဟု နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးက ဗုဒ္ဓဘာသာယဉ်ကျေးမှု ဖလှယ်ရေး လှုပ်ရှားမှုခရီးစဉ်နှင့် ပတ်သက်၍မိန့်ကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျံနှင့် သံရုံးတာဝန်ရှိသူများက ရန်ကုန်လေဆိပ်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြပြီး ဆရာတော်ကြီးနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဆရာတော်နှစ်ပါး၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးထွန်းညွန့်နှင့်တာဝန်ရှိသူများ၊ မင်္ဂလာမဂ္ဂဇင်း(ရန်ကုန်ရုံးတာဝန်ခံ) MENG FEL (ခ)ဒေါ်ကြည်လင်းတို့ လိုက်ပါသွားကြသည်။

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးထံ သံအမတ်ကြီး မစ္စတာဟုန်လျံက ဗုဒ္ဓဆင်းတုတော်အား လက်ဆောင်အဖြစ် ဆက်ကပ်ပေးအပ်ခဲ့ပြီး ခရီးစဉ် အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပေးကာ မြန်မာ-တရုတ် ဗုဒ္ဓဘာသာယဉ်ကျေးမှုဖလှယ်ရေးသည် နှစ်နိုင်ငံပြည်သူပြည်သားများအကြား အပြန်အလှန် ယုံကြည်မှုနှင့် သဘောပေါက်နားလည်မှုကို ပိုမိုတိုးပွားလာစေကာ တရုတ်နှင့် မြန်မာရိုးရာချစ်ကြည်ရေးကို ပိုမိုတည်တံ့ခိုင်မြဲစေမည်ဟု မျှော်လင့်ကြောင်း သံအမတ်ကြီးက လျှောက်ထားခဲ့သည်။

**သတင်း- ဆုနှင်းလှဲ့**
**ဓာတ်ပုံ- ဌေးအောင်**

## ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်၍ ကျန်းမာရေးပညာပေး ဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများ လှူဒါန်းခြင်း၊ မျက်စိနှင့် သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဂျိုဂျိုစန်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်နှင့် နေပြည်တော် ခုတင်(၂၀၀)မှ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးများ၊ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် ကလေးအထူးကုဆရာဝန်ကြီးများ၊ နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာအထူးကုဆရာဝန်ကြီးအဖွဲ့၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ဒက္ခိဏသီရိခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် လက်ထောက်ဆရာဝန်များ၊ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်များ လိုက်ပါလျက် ဒီဇင်ဘာ ၁၉ ရက်တွင် နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာများတွင် ရွှေ့လျား ကျန်းမာရေးဆေးခန်း ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်စဉ် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဂျိုဂျိုစန်းက အမှာစကားပြောကြားပြီး လက်ထောက်ဆရာဝန် ဒေါက်တာသက်နိုင်ဦးက "ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ကလေးများအသက်ရှူလမ်းကြောင်း သိကောင်းစရာများအကြောင်း"ကို ပြောကြားခဲ့ကြပြီး ဆက်လက်၍ အဘိုးအဘွားများကို အားဆေးနှင့်အာဟာရများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများကိုလည်းကောင်း၊ ကျေးရွာ စာကြည့်တိုက်အတွက် မေတ္တာစမ်းရေ မဂ္ဂဇင်းများကိုလည်းကောင်း လှူဒါန်းခဲ့ကြသည်။

ထို့နောက်မေတ္တာစမ်းရေဆေးခန်းတာဝန်ခံ ဆရာဝန် ဒေါက်တာစမ်းစမ်းလှိုင်နှင့် အဖွဲ့က ရွှေ့လျားကျန်းမာရေးဆေးခန်းဖွင့်လှစ်ရခြင်းနှင့် ကိုယ်ဝန်ဆောင်စနစ်တကျ စောင့်ရှောက်မှုခံယူရန် အရေးပါမှု၊ ကျွမ်းကျင်သူများဖြင့် မွေးဖွားရန် ရှင်းလင်းဟောပြောခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် လက်ထောက်ဆရာဝန်များက ကျေးရွာအတွင်းရှိလူငယ်များကို ပျိုရွယ်သူကျန်းမာရေး အသိပညာပေး ဆွေးနွေးခြင်းများနှင့် လူကုန်ကူးခြင်းဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင် ၂၄ ဦး၊ သက်ကြီးဘိုးဘွား ၁၁၃ ဦး၊ မျက်စိလူနာ ၆၂ ဦး၊ သွားနှင့် ခံတွင်းလူနာ ၁၅ ဦးနှင့် အထွေထွေလူနာ ၁၀၀၊ ကလေး ၁၆ ဦးနှင့် ခွဲစိတ်မည့်လူနာ ၁၃ ဦး စုစုပေါင်း ၃၄၃ ဦးတို့ကိုကြည့်ရှုစစ်ဆေး ကုသပေးခဲ့ပြီး လူနာအချို့ကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများအား ထောက်ပံ့ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ✱ Nippon Express မှ

ကုန်လှောင်ရုံသစ်တစ်ခုကို သီလဝါအထူးစီးပွားရေးဇုန်၌ တည်ဆောက်မည်ဖြစ်သည်။

ကမ္ဘာ့အကြီးဆုံးထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီများအနက်တစ်ခုဖြစ်သော Nippon Express က မြန်မာနိုင်ငံ၏ စီးပွားရေးကို ကျန်ရှိသောကမ္ဘာ့နိုင်ငံများသို့ဖွင့်လှစ်ပေးလာမှုတွင် အခွင့်ကောင်းယူရန်ရည်ရွယ်ကာ အခြားဂျပန်ကုမ္ပဏီများနှင့်ပူးပေါင်း၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ပထမဆုံးသောမြန်မာလုပ်ငန်းခွဲဖြစ်သည့် Nippon Express (Myanmar) ကို တည်ထောင်ခဲ့သည်။ စီးပွားရေးပုံမှန်တိုးတက်ပြီး ပြည်သူများ၏ဝင်ငွေမြင့်မားလာပါက မြန်မာနိုင်ငံတွင် အနာဂတ်ကာလ၌ အကျိုးရှိသောစားသုံးသူဈေးကွက်တစ်ခုဖြစ်လာရန် အလားအလာရှိပါသည်။ တရုတ်နိုင်ငံ၌လုပ်အားခများမြင့်တက်လာစဉ်အတွင်း အာရှတိုက်အတွင်းရှိ ထုတ်လုပ်မှုနှင့်ကုန်ကျစရိတ်များကို ပြန်လည်သုံးသပ်နေသည့် ထုတ်လုပ်ရေးကုမ္ပဏီများအတွက် လုပ်အားခဈေးသက်သာသောမြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာနေရာတစ်ခုလည်း ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံ၏ အလျင်အမြန်ဖွံ့ဖြိုးလာသောစီးပွားရေးနှင့် စဉ်ဆက်မပြတ် ပြည်ပရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာမှုက မြန်မာနိုင်ငံ၌ ဒုတိယမြောက်လုပ်ငန်းခွဲဖွင့်လှစ်မှုတွင် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အဓိကအကြောင်းရင်းတစ်ခုဖြစ်ကြောင်း Nippon Express က ပြောကြားသည်။

Nippon Express ၏ မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံမှုမှာ လူဦးရေ သန်း ၆၁၀ ခန့်ရှိပြီး နှစ်စဉ်ဂျီဒီပီ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံနီးပါးရှိသော အာဆီယံဒေသတွင် ဘုံဈေးကွက်တစ်ခုတည်ထောင်ရန်အတွက် ယခုနှစ်ကုန်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း မစတင်မီလေးတွင်ဆုံးဖြတ်ခဲ့သည်။ Nippon Express သည် ဘုံဈေးကွက်သစ်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ထိုင်းနှင့်မြန်မာနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော်ကွန်ရက်တစ်ခုတည်ထောင်ပြီးဖြစ်ပါသည်။"အာဆီယံစီးပွားရေးအသိုက်အဝန်းဖြစ်လာပြီးရင် ထပ်မံဖွံ့ဖြိုးလာဖို့မျှော်မှန်းထားတဲ့ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု လိုအပ်ချက်ပြည့်မီဖို့ Nippon Express က မြန်မာနိုင်ငံနဲ့ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံတွေကြားချိတ်ဆက်ထားတဲ့ ထောက်ပံ့ပို့ဆောင်ရေးကွန်ရက်ကို တိုးချဲ့မှာဖြစ်ပါ တယ်" ဟု Nippon Express ကဆိုသည်။

Joc.com

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း

(ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

**၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်း**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်        ။)**
**၁၃၇၇ ခုနှစ်၊        လ        ရက်**
**(၂၀၁၆ ခုနှစ်၊        လ        ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ)** ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေ အခန်း(၅)ပါ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။
(ဂ) ဤဥပဒေ အခန်း (၆)ပါ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍-
(၁) ဤဥပဒေ ပုဒ်မ ၁၉ ပါ လစာမှဝင်ငွေနှင့် ပုဒ်မ ၂၄တို့ပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။
(၂) ကျန်ပြဋ္ဌာန်းချက်များသည် ၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **အခွန်အကောက်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်ကို ဆိုသည်။
(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။
(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကို ဆိုသည်။
(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ဆိုသည်။
(င) **အခွန်နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း(၂)**
**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား(၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက် ဖြစ်သည်။

**အခန်း(၃)**
**အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။
(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံ တင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

**အခန်း(၄)**
**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ် မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန်လိုအပ်ပါက ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

**အခန်း (၅)**
**ကုန်သွယ်လုပ်ငန်းခွန်**

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**
**အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့် စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းသည့် အထူးကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနက ဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး ယင်းတန်ဖိုး နှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည် -

| စဉ် | အထူးကုန်စည် အမျိုးအစား | ဈေးကွက်ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေးကျပ် ၃၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၃ကျပ် |
| | ( ခ ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၃၀၁ ကျပ်မှ ကျပ် ၅၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၈ ကျပ် |
| | ( ဂ ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၅၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၁၄ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၂၉ ကျပ် |
| | (င) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၂၀၀၁ ကျပ် မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လိပ်လျှင် ၄၈ ကျပ် |
| | (စ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၃၀၀၁ ကျပ်နှင့် အထက် ဖြစ်လျှင် | တန်ဖိုး၏ ၁၂၀ % |
| | (ဆ) စီးကရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း ဖြစ်လျှင်) | ကုန်းပေါ်ရောက် | တန်ဖိုး၏ ၁၂၀ % |
| ၂။ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃။ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄။ | ဆေးပေါ့လိပ်။ | | ၆၀ % |
| ၅။ | ဆေးပြင်းလိပ်။ | | ၆၀ % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | ၆၀ % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၆၀ % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ကျပ် ၅၀၀ အထိ ဖြစ်လျှင် | တစ်လီတာ ၆၆ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၅၀၁ ကျပ်မှ ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၉၇ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၁၀၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၄ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၃၀၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၅၆ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၃၀၀၁ ကျပ်မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၉၁၉ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၄၀၀၁ ကျပ်မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၈၁ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ၅၀၀၁ ကျပ်မှ ကျပ် ၇၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၁၅၇၅ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာ တန်ဖိုး ကျပ် ၇၀၀၁မှ ကျပ် ၁၀၀၀၀ အထိ အဆင့် ဖြစ်လျှင် | တစ်လီတာ ၂၂၃၁ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ်နှင့်အထက် ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀ % |
| | (ည) အရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း ဖြစ်လျှင်) | ကုန်းပေါ်ရောက် တန်ဖိုး၏ | ၆၀ % |
| ၉။ | ဘီယာ အမျိုးမျိုး။ | | ၆၀ % |
| ၁၀။ | ဝိုင်အမျိုးမျိုး။ | | ၅၀ % |
| ၁၁။ | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။ | | ၂၅ % |
| ၁၂။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | | ၁၅ % |
| ၁၃။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | | ၅ % |
| ၁၄။ | Four Door Double Pickup မှအပ ၁၈၀၀ CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင် နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | ၂၅ % |
| ၁၅။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၁၀ % |
| ၁၆။ | သဘာဝဓာတ်ငွေ့။ | | ၈ % |

(ခ) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည် အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ ဂျုံမှုန့်အနု/အကြမ်း၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြားနှံစားသီးနှံမှုန့်များ။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၄ | ဟင်းခတ် အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါး စသော လယ်၊ယာ၊ ကိုင်း၊ ကျွန်း၊ဥယျာဉ်ထွက်ကုန်များ။ |
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၃ | ပိုးအိမ်။ |

စာမျက်နှာ ၁၁ သို့ »»

« « စာမျက်နှာ ၁၀ မှ

| | |
|---|---|
| ၂၄ | ကြိမ် အကြမ်း/အချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၂၈ | ဆပ်ပြာမှုန့်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၂၉ | အရောင်ချွတ်ဖတ်။ |
| ၃၀ | အုန်းဆံချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၃၁ | လက်ဖက်စို၊ လက်ဖက်ခြောက် အမျိုးမျိုး။ |
| ၃၂ | တံဆိပ်ခေါင်းအမျိုးမျိုး(အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၃၃ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၄ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၅ | ငံပြာရည်အမျိုးမျိုး။ |
| ၃၆ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုပ်ဆီနှင့် ဆီအခဲများ။ |
| ၃၇ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၈ | နို့၊ နို့မှုန့်အမျိုးမျိုး။ |
| ၃၉ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၀ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၁ | ချင်း။ |
| ၄၂ | ငါးပိအမျိုးမျိုး။ |
| ၄၃ | မန်ကျည်းမှည့်။ |
| ၄၄ | နိုင်ငံတော်အလံ။ |
| ၄၅ | စိပ်ပုတီးအမျိုးမျိုး။ |
| ၄၆ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက် အမျိုးမျိုး။ |
| ၄၇ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၄၈ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၄၉ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၀ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၁ | ဘာသာရေးဆိုင်ရာ အဝတ်အထည် (သင်္ကန်း စသည်တို့)။ |
| ၅၂ | ရေနံချေး။ |
| ၅၃ | ဆားအမျိုးမျိုး။ |
| ၅၄ | ကြက်ပေါင်စေး။ |
| ၅၅ | ကွမ်းသီး။ |
| ၅၆ | ဓာတ်မြေဩဇာ။ |
| ၅၇ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။ |
| ၅၈ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေး လုပ်ငန်းသုံး စက်နှင့် စက်အပိုပစ္စည်းများ။ |
| ၅၉ | တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာ ကုန်ကြမ်း၊ ကုန်ချော ပစ္စည်းများ။ |
| ၆၀ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံး ဆေးဝါးများ။ |
| ၆၁ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၂ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာ အင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၃ | ဓာတ်မှန် ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက် ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အခြားဆေးဖက်ဆိုင်ရာ ပစ္စည်းကိရိယာ တန်ဆာပလာများ။ (ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများတွင်အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် ပစ္စည်းများအတွက်သာ) |
| ၆၄ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံး အဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ။ (ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် ပစ္စည်းများအတွက်သာ) |
| ၆၅ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုး (ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ )။ |
| ၆၆ | ဆေးဝါးကုန်ကြမ်းများ။ |
| ၆၇ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၆၈ | ခဲတံလုပ်ရန်ခဲဆန်။ |
| ၆၉ | ကွန်ဒုံး(Condom)။ |
| ၇၀ | နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော် အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့် ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၁ | နယ်ဖက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူး အမျိုးမျိုးနှင့် ဆက်စပ် ပစ္စည်းများ။ |
| ၇၂ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၃ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၄ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့်ပစ္စည်းများ။ |
| ၇၅ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမှုနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့်ကုန်စည်များ။ |
| ၇၆ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန် ဝယ်ယူသည့်ကုန်စည်များ။ |
| ၇၇ | လက်ခစား အပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုတ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၇၈ | စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ နှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၇၉ | ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့် ငွေ သို့မဟုတ် ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ။ |
| ၈၀ | ပြည်ပသို့ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၁ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတပါး အခြား ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း ဖြစ်ပါက ရောင်းရငွေ အပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်း ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင် နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ဃ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှု ဆောင်ရွက်ခြင်းမှတပါး အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ် လုပ်ငန်းခွန် ပေးဆောင်ရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊
(၂) ကုန်သွယ်မှု ဆောင်ရွက်ခြင်း။

(င) ပုဒ်မခွဲ (က) ပါ ကုန်စည်များအနက် အောက်ပါ ကုန်စည်များကို ပြည်ပမှတင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ယင်းကုန်စည်ကို တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့် မရှိစေရ။ အလားတူ အဆိုပါ ကုန်စည်တမျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူထံမှ ဝယ်ယူ၍ ကုန်သွယ်မှု ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူ စဉ်ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်မရှိစေရ။ သို့ရာတွင် ယင်းကုန်စည်တစ်မျိုးမျိုးကို ဆက်လက်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည် -

(၁) စီးကရက်၊
(၂) ဆေးရွက်ကြီး၊
(၃) ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊
(၄) ဆေးပေါ့လိပ်၊
(၅) ဆေးပြင်းလိပ်၊
(၆) ဆေးတံသောက်ဆေးများ၊
(၇) ကွမ်းစားဆေးအမျိုးမျိုး၊
(၈) အရက်အမျိုးမျိုး၊
(၉) ဘီယာအမျိုးမျိုး၊
(၁၀) ဝိုင်အမျိုးမျိုး။

(စ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | စီးပွားရေးလုပ်ငန်းအဖြစ် နေအိမ် ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ အပ ဖြစ်သည့် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်း။ |
| ၆ | ပညာရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ (မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ စက်ယန္တရားများဖြင့် သယ်ပို့ပေးခြင်း) |
| ၈ | အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းများ။ |
| ၁၃ | နာရေး ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | မြန်မာ့ရိုးရာ အကြောပြင် ဝန်ဆောင်မှု လုပ်ငန်း/ မျက်မမြင် အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | လမ်းအသုံးပြုခ ကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှု လုပ်ငန်း။ |
| ၁၉ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | ပြည်ပလေကြောင်း ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ယဉ်ကျေးမှု အနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အများပြည်သူ ခရီးသည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော)။ |
| ၂၃ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၂၄ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း၊ |
| ၂၅ | နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမှုနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များ နှင့် သံတမန် မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် ဝန်ဆောင်မှု လုပ်ငန်း။ |
| ၂၆ | ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့် ငွေ သို့မဟုတ် ထောက်ပံ့သည့် ငွေဖြင့်ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၇ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စု လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော် ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်း များ။ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှု ရယူခြင်းမပါ) |

(ဆ) ပုဒ်မခွဲ (စ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတပါး ပြည်တွင်း၌ ဆောင်ရွက်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဇ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီး ရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံဆောက်လုပ် ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့် ကုန်သွယ်လုပ်ငန်း ခွန်စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများ အားလုံးကို ခံစားခွင့်ရှိစေရမည်။

၁၂။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ များအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်း မပြုရ-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ထုတ်လုပ် ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

(ခ) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင် ရွက်ခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

(ဂ) ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ။

၁၃။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည် တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှု တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြား ငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၄။ အောက်ပါကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေ အပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရ မည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည် ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်ရာခိုင်နှုန်း |
|---|---|---|
| (က) | ရေနံစိမ်း။ | ၅ |
| (ခ) | သဘာဝဓာတ်ငွေ့။ | ၈ |
| (ဂ) | ကျွန်း၊ သစ်မာ သစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။ | ၅၀ |
| (ဃ) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန် နှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၅ |
| (င) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | ၅ |
| (စ) | လျှပ်စစ်ဓာတ်အား။ | ၈ |

ဆက်လက်ဖော်ပြပါမည်။

# ယူရို ၂၀၁၆ အုပ်စုများ မိတ်ဆက်

**ဖီဖာရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ အဆင့်(၁)မှာ ရပ်တည်နေတဲ့ ဘယ်လ်ဂျီယံ၊ ယူရိုပြိုင်ပွဲတွေမှာ အောင်မြင်မှုရရှိခဲ့တဲ့ မှတ်တမ်းတွေရှိထားတဲ့ အီတလီတို့ပါဝင်နေတဲ့ အုပ်စု(E)ကလည်း ပရိသတ်ကို ဖမ်းစားနိုင်စွမ်းရှိမယ့် အုပ်စုပဲဖြစ်တယ်။ အဲဒီအုပ်စုမှာ အိုင်ယာလန်နဲ့ ဆွီဒင်တို့လည်း တစ်အုပ်စုတည်းကျရောက်ခဲ့တာမို့ အုပ်စုအဆင့်မှာပဲ နောက်တစ်ဆင့်တက်လှမ်းဖို့အတွက် အကြိတ်အနယ်ကစားရမယ့် အနေအထားမှာရှိနေပါတယ်။**

**အုပ်စု(E)**

**ဘယ်လ်ဂျီယံ။** ။ဖီဖာရဲ့ ကမ္ဘာ့အဆင့်(၁)မှာ ရှိနေတဲ့ ဘယ်လ်ဂျီယံဟာ ဖိအားတွေနဲ့အတူ အိမ်နီးချင်းပြင်သစ်နိုင်ငံမှာကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲဝင်ခွင့်ရရှိလာခဲ့တဲ့အသင်းပါ။ ယူရိုပြိုင်ပွဲကို ၁၃ နှစ်ကြာမှ ပြန်လည်ဝင်ခွင့်ရရှိခဲ့တာဖြစ်ပေမယ့် ၂၀၁၄ ကမ္ဘာ့ဖလားမှာတော့ ကွာတားဖိုင်နယ်အထိတက်ခဲ့ပါတယ်။ ဒါပေမယ့် အာဂျင်တီးနားကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ပါတယ်။ ဟာဇက်၊ ဒီဘရူနီတို့လို ကစားသမားကောင်းတွေရှိပြီး တစ်ဦးချင်းစွမ်းဆောင်ရည်မြင့်မားကြပါတယ်။

ဘယ်လ်ဂျီယံဟာ ၂၀၀၂ မှာ ယူရိုဝင်ခွင့်တစ်ကြိမ်ရရှိခဲ့ပေမယ့် အုပ်စုအဆင့်မှာပဲ ထွက်လိုက်ရတယ်။ ၁၉၈၀ မှာ ဒုတိယ၊ ၁၉၇၂ မှာ တတိယရရှိခဲ့တယ်။ အဓိကကစားသမားတွေကတော့ ဟာဇက်နဲ့ ဒီဘရူနီဖြစ်ပြီး ဒီဘရူနီဟာ ၂၀၁၀ မှာ နိုင်ငံလက်ရွေးစင်အသင်းမှာ စတင်ကစားခဲ့တာပါ။ ဘယ်လ်ဂျီယံမှာ အယ်လ်ဒါဝီး၊ ချက်ဒ်လီ၊ ဗာတွန်ဂန်၊ ကော်တွိုက်၊ ဟာဇက်၊ ဒီဘရူနီ၊ ကွန်ပနီ၊ ဖယ်လိုင်နီ၊ လူကာကူ၊ ဘန်တီကီ၊ မစ်ဂ်နိုလက်၊ အိုရီဂီတို့လို ကစားသမားကောင်းတွေရှိနေပါတယ်။ နည်းပြ ဝဲလ်မို့စ်ကလည်း ဘယ်လ်ဂျီယံမှာ ကစားသမားအဖြစ် ကမ္ဘာ့ဖလားလေးကြိမ်ပါဝင်ကစားပေးခဲ့သလို နည်းပြဖြစ်လာချိန်မှာလည်း ၂၀၁၄ ကမ္ဘာ့ဖလားမှာ ကွာတားထိတက်အောင် စွမ်းဆောင်နိုင်ခဲ့တာမို့ ဘယ်လ်ဂျီယံအတွက် နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးရနိုင်မယ့် အနေအထားပါ။

**အီတလီ။** ။အီတလီဟာ နည်းပြအန်တိုနီယိုကွန်တီလက်ထက်မှာ ၃-၅-၂၊ ၄-၄-၂ စတဲ့ ကစားကွက်တွေကို အလှည့်ကျအသုံးပြုလာခဲ့ပြီး အောင်မြင်မှုလည်း ရရှိထားတဲ့အသင်းပါ။ ခြေစစ်ပွဲမှာ ရှုံးပွဲမရှိစံချိန်နဲ့ ခြေစစ်ပွဲအောင်ခဲ့တာပါ။ အီတလီဟာ ၁၉၆၈ ခုနှစ်က ယူရိုပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပစဉ်မှာ ဖလားရယူနိုင်ခဲ့တဲ့အသင်းလည်းဖြစ်သလို ၂၀၀၀ နဲ့ ၂၀၁၂ မှာ ဗိုလ်လုပွဲအထိ တက်နိုင်ခဲ့တယ်။ ၁၉၉၆ နဲ့ ၂၀၀၄ မှာတော့ အုပ်စုအဆင့်ကိုပင် မကျော်နိုင်ခဲ့ဘူး။ချီလီနီ၊ ဒါမီယန်၊ အီရှာရာဝီ၊ မာချီစီယို၊ ပယ်လီ၊ မွန်တိုလီဗိုတို့လို တစ်ဦးချင်းစွမ်းဆောင်ရည်မြင့်မားတဲ့ ကစားသမားတွေက အီတလီကို နောက်တစ်ဆင့်တက်ဖို့ ဆွဲခေါ်သွားမှာပါ။

နည်းပြပိုင်းမှာဆိုရင် ကွန်တီဟာ ဂျူဗင်တပ်အသင်းကို စီးရီးအေမှာ လွှမ်းမိုးနိုင်တဲ့ အသင်းတစ်သင်းအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သလို စီးရီးအေဖလားကို သုံးနှစ်ဆက်ရယူပေးခဲ့တယ်။ ကွန်တီဟာ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ရလဒ်ပိုင်းမကောင်းခဲ့တဲ့ ပရန်ဒယ်လီနေရာမှာ အစားထိုးခန့်အပ်ခဲ့သည့် နည်းပြဖြစ်ပြီး နိုင်ငံလက်ရွေးစင်အသင်းအတွက် နည်းပြကွန်တီဘယ်လောက်စွမ်းဆောင်ပေးနိုင်မလဲဆိုတာ အခုယူရိုပြိုင်ပွဲမှာ စောင့်ကြည့်ရဦးမှာပါ။

**အိုင်ယာလန်။** ။အိုင်ယာလန်ဟာ ဂျာမနီ၊ ဘော့စနီးယားတို့လို အသင်းတွေထက်တောင် နည်းစနစ်ပိုင်းမှာကောင်းမွန်မှုရှိတယ်။ အဲဒါကြောင့် အခုယူရို ၂၀၁၆ ပြိုင်ပွဲမှာ နောက်တစ်ဆင့်တက်ဖို့ တစ်ထစ်ချမျှော်လင့်ထားတဲ့အသင်းလည်းဖြစ်တယ်။ ၁၂ ပွဲမှာ ပေးဂိုးရှစ်ဂိုးပဲရှိတဲ့အသင်းလည်းဖြစ်တယ်။ ဒါပေမယ့် ၁၉၈၈ နဲ့ ၂၀၁၂ တို့မှာ ကစားခဲ့တဲ့ ယူရိုပြိုင်ပွဲတွေမှာတော့ အုပ်စုအဆင့်ကိုမကျော်နိုင်ခဲ့ဘူး။ ယူရို ၂၀၁၂ မှာဆိုရင် သုံးပွဲကစားတာ သုံးပွဲလုံးရှုံးခဲ့တယ်။

အိုင်ယာလန်အတွက် အဓိကကစားသမားကတော့ ဂျွန်ဝေါ်တာဖြစ်တယ်။ အိုင်ယာလန် ခြေစစ်ပွဲအောင်ခဲ့တာဟာ ဂျွန်ဝေါ်တာရဲ့ သွင်းဂိုးတွေကြောင့်လို့ ပြောရင်မမှားဘူး။ ဘော့စနီးယားနဲ့ ပွဲမှာ နှစ်ဂိုးသွင်းနိုင်ခဲ့သလို ခြေစစ်ပွဲအဆင့်မှာ အသင်းအတွက် ငါးဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးလည်းဖြစ်တယ်။ ကိုးလ်မန်း၊ ဂစ်ဆင်၊ မက်ကာသီ၊ ရှိန်းလောင်း၊ အိုရှီးယား၊ ဝီဆင်တို့လို ကစားသမားကောင်းတွေရှိလို့ နည်းပြမာတင်အိုနေးလ်ကတော့ နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ထားတယ်။

**ဆွီဒင်။** ။ဆွီဒင်အသင်းမှာဆိုရင် ပီအက်စ်ဂျီမှာကစားနေတဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်က စွမ်းဆောင်ရည်အမြင့်ဆုံးကစားသမားပါ။ ဆွီဒင်အသင်းဟာ အတွေ့အကြုံရင့်ကျက်တဲ့ အသင်းတစ်သင်းပါ။ ဒါပေမယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ တိုက်ရိုက်ခြေစစ်ပွဲမအောင်ခဲ့ဘူး။ Play Off ကစားပြီးမှ တက်လာခဲ့တာဖြစ်တယ်။ ဆွီဒင်ဟာ ယူရိုပြိုင်ပွဲမှာ ခြောက်ကြိမ်ဝင်ခွင့်ရခဲ့ပြီး ငါးကြိမ်က ဆက်တိုက်ဝင်ခွင့်ရရှိထားတာဖြစ်တယ်။

ဆွီဒင်အသင်းအတွက် အဓိကကစားသမားကတော့ အီဘရာဟီမိုဗစ်ချ်ဖြစ်ပြီး Play Off ကစားခဲ့ရတဲ့ပွဲစဉ်မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးတွေအပါအဝင် ခြေစစ်ပွဲအဆင့်မှာ ၁၁ ဂိုးအထိသွင်းယူနိုင်ခဲ့တယ်။ နည်းပြ အဲရစ်ဟမ်ရန်ဟာ ၂၀၁၀ ခုနှစ်ကတည်း ဆွီဒင်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပြီး ခြေစစ်ပွဲမှာ Play Off ကစားပြီးမှ တက်လာတာဖြစ်လို့ နောက်တစ်ဆင့်တက်နိုင်ပါ့မလားဆိုတာကတော့ ခန့်မှန်းရခက်ပါတယ်။ **(နိုင်လင်းကြည်)**



# မန်ယူလျာထားတဲ့နည်းပြသုံးဦး သို့မဟုတ် မော်ရင်ဟို၊ ဂွါဒီယိုလာနဲ့ ရိုင်ယန်ဂစ်

မန်ယူအသင်းဟာ နောက်ဆုံးခြောက်ပွဲမှာ နိုင်ပွဲတစ်ပွဲမျှ မရရှိခဲ့လို့ နည်းပြဗန်ဟားလ်အပေါ် ဖိအားများတိုးလာခဲ့ပြီး နည်းပြဗန်ဟားလ်ကို ထုတ်ပယ်ကာ နည်းပြသစ်ထပ်မံခေါ်ယူဖို့ စီစဉ်လျက်ရှိနေပါတယ်။ မန်ယူအသင်းအနေနဲ့ နည်းပြအသစ်ခန့်အပ်ဖို့ လျာထားသူတွေကတော့ မော်ရင်ဟို၊ ဂွါဒီယိုလာနဲ့ ဂစ်တို့ပဲဖြစ်ပါတယ်။

မော်ရင်ဟိုဟာ ချယ်လ်ဆီးအသင်းက ထုတ်ပယ်ခံခဲ့ရပြီးတဲ့နောက်မှာ မန်ယူအသင်းနည်းပြအဖြစ် ကိုင်တွယ်ဖို့ မျှော်လင့်ထားတဲ့ နည်းပြတစ်ဦးပါ။ ချယ်လ်ဆီးအသင်းက ထုတ်ပယ်လိုက်စဉ်မှာပဲ အခြားကလပ်အသင်းတစ်ခုမှာ ချက်ချင်းဆိုသလို တာဝန်ယူကိုင်တွယ်ဖို့ စီစဉ်နေတာပါ။ မော်ရင်ဟိုဟာ ဘောလုံးလောက သမိုင်းကြောင်းတစ်လျှောက်မှာ အောင်မြင်မှုအရှိဆုံးနည်းပြတွေထဲက တစ်ဦးဖြစ်ပါတယ်။ ပေါ်တိုအသင်းနဲ့ အင်တာမီလန်အသင်းတို့မှာ တာဝန်ယူကိုင်တွယ်ခဲ့စဉ်ရယူပေးခဲ့တဲ့ ချန်ပီယံလိဂ်ဖလားတွေအပါအဝင် သူ့ရဲ့နည်းပြဘဝမှာ ကလပ်အသင်းတိုင်းနီးပါးမှာ ဆုဖလားတွေ ရယူပေးခဲ့ပါတယ်။ မော်ရင်ဟိုဟာ ပေါ်တူဂီ၊ အင်္ဂလန်၊ အီတလီနဲ့ စပိန်တို့မှာ မတူညီတဲ့ အသင်းအသီးသီးကို တာဝန်ယူကိုင်တွယ်ခဲ့ပါတယ်။ ဘင်ဖီကာ၊ ပေါ်တို၊ အင်တာမီလန်၊ ရီးယဲလ်မက်ဒရစ်တို့အပြင် ချယ်လ်ဆီးအသင်းကို နှစ်ကြိမ်တိုင်တိုင်ကိုင်တွယ်ခဲ့စဉ်မှာ ပွဲပေါင်း ၇၆၅ ပွဲအထိ တာဝန်ယူကိုင်တွယ်ခဲ့သူပါ။ အဲဒီလို ကိုင်တွယ်ခဲ့စဉ်မှာ ၅၀၅ ပွဲနိုင်ပွဲရယူပေးနိုင်ခဲ့ပြီး သရေပွဲ ၁၅၄ ပွဲရှိခဲ့ပါတယ်။ ၁၀၆ ပွဲကတော့ ရှုံးပွဲကြုံခဲ့ပါတယ်။

ဂွါဒီယိုလာဟာ ရာသီကုန်မှာ ဘိုင်ယန်မြူးနစ်နည်းပြဘဝကနေ အပြီးအပိုင်လမ်းခွဲမယ်လို့ အတိအလင်းပြောကြားပြီးပါပြီ။ ဒါ့အပြင် ပရီမီယာလိဂ်ကို ပြောင်းပြီးကိုင်တွယ်ဖို့ တာစူနေတာကြောင့် မန်ယူက မျှော်လင့်ထားတာပါ။ ဂွါဒီယိုလာဟာ ကစားသမားဘဝမှာရော နည်းပြဘဝမှာပါ စွမ်းဆောင်ရည်ကောင်းတွေ ရှိခဲ့ပါတယ်။ ဗန်ဟားလ်နဲ့ မော်ရင်ဟိုတို့လို နည်းပြမျိုးမဟုတ်ဘဲ ဘာစီလိုနာအသင်းကိုတောင် အသင်းကောင်းတစ်သင်းဖြစ်အောင် ဖန်တီးပေးခဲ့သူပါ။ မန်ယူအသင်းကတော့ ဖာဂူဆန်ထွက်သွားပြီးနောက် ရလဒ်ပိုင်းယိမ်းယိုင်သွားခဲ့ရပါတယ်။ ဂွါဒီယိုလာကို ကမ္ဘာ့ကလပ်အသင်းအတော်များများက ခေါ်ယူဖို့ ဆန္ဒရှိနေခဲ့သူပါ။ ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်မှာ နည်းပြအဖြစ် တာဝန်ယူခဲ့ပြီး ဆုဖလားပေါင်း ၂၀ အထိရယူပေးနိုင်ခဲ့ပါတယ်။ နည်းပြဘဝမှာ ၃၇၅ ပွဲကိုင်တွယ်ခဲ့ပြီး ၂၇၅ ပွဲအနိုင်ရရှိအောင် စွမ်းဆောင်ပေးခဲ့ပါတယ်။ ၆၁ ပွဲကတော့ သရေပွဲဖြစ်ခဲ့ပြီး ၃၉ ပွဲကတော့ ရှုံးပွဲကြုံခဲ့ပါတယ်။

ရိုင်ယန်ဂစ်ဟာ မန်ယူကစားသမားအဖြစ် အချိန်အတော်ကြာကစားခဲ့သူဖြစ်တယ်။ ကစားသမားဘဝတစ်လျှောက်လုံးလည်း မန်ယူမှာပဲ ကစားခဲ့တာပါ။ နည်းပြအတွေ့အကြုံတော့ ရင့်ကျက်မှုမရှိသေးပါဘူး။ ဗန်ဟားလ်လက်ထက်မှာတော့ လက်ထောက်နည်းပြအဖြစ်နဲ့ မန်ယူအသင်းကို တွဲဖက်တာဝန်ယူကိုင်တွယ်ခဲ့ပါတယ်။ မန်ယူအသင်းရဲ့ ဂန္ထဝင်နည်းပြတစ်ဦးအဖြစ် နာမည်ရခဲ့တဲ့ ဖာဂူဆန်လက်ထက်မှာ နည်းပြအတွေ့အကြုံကောင်းတွေ အကောင်းဆုံးလေ့လာထားခဲ့သူတစ်ဦးလည်းဖြစ်တယ်။ မိုယက်ထွက်သွားပြီးချိန်မှာ မန်ယူအသင်းရဲ့ ယာယီနည်းပြအဖြစ် တာဝန်ယူခဲ့ပါသေးတယ်။ အကယ်၍ အခုမန်ယူအသင်းက ခန့်အပ်မယ်ဆိုရင်တော့ သူ့ရဲ့ပထမဆုံးနည်းပြဘဝစတင်ခြင်းလည်းဖြစ်ပါတယ်။ မန်ယူအသင်းရဲ့ ခေတ္တနည်းပြအဖြစ် လေးပွဲကိုင်တွယ်ခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပါတယ်။ လက်ရှိမန်ယူအသင်းက အထက်ပါ သုံးဦးကိုနည်းပြအဖြစ် လျာထားသော်လည်း နည်းပြဗန်ဟားလ်ထွက်ခွာသွားပါက မန်ယူအသင်းရဲ့ နည်းပြသစ်ဘယ်သူဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရဦးမှာပါ။

**(ငွေကြယ်)**

STRATEGY FIRST INSTITUTE




ICM
Single Subject Diploma in
Project
Management

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon.
